# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 28 October 2023 ၁၁၂၆၂


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး"ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုတော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးသည်ကောင်စီအတွင်းရေးမှူး၏ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၏ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်များနှင့်အတူ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


**ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်ကို အတူတကွ မျှဝေတည်ဆောက်**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်**

စာမျက်နှာ » ၁၇

**၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၉၉၉ တွဲ ရောင်းချနိုင်ခဲ့**

စာမျက်နှာ » ၁၀





**တရုတ်နိုင်ငံ ရှန်ကျိုး-၁၇ အာကာသယာဉ်မှ ယာဉ်မှူးများ အာကာသစခန်းသို့ ဝင်ရောက်**

စာမျက်နှာ » ၁၃

ကြေးမုံ

# အရေးကြီးဆုံးအမျိုးသားရေးတာဝန်ထမ်းဆောင်

အမျိုးသားရေးဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံး၏ အကျိုးစီးပွားဖြစ်သည်။ ဆိုလိုရင်းအချက်မှာ မိမိတိုင်းပြည် ကောင်းစားရေးဖြစ်သည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို နိုင်ငံတော်အစိုးရက အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်အဖြစ်ချမှတ်၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆောင်ရွက်နေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံကြီးငယ်အများစုသည် ၎င်းတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသည်။ မြန်မာနိုင်ငံတွင်လည်း အများပြည်သူထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်နေသော်လည်း ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေသည့် အနောက်နိုင်ငံကြီးအချို့က လက်မခံ ဆန့်ကျင်နှောင့်ယှက်နေခြင်းအကြောင်းရင်းကို လေ့လာသိရှိထားမှသာ ဒီမိုကရေစီသဘောသရုပ်အမှန်ကို သိရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းလျက်ရှိပြီး တိုင်းပြည်ကောင်းအောင်အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချို့ပြည်ပနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ်တွင် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခြင်းနှင့် ဝင်ရောက်စွက်ဖက်မှုများကို ယခင်ကလည်း ပြုလုပ်ခဲ့သကဲ့သို့ ယခုအချိန်အထိလည်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း” ပြောကြားခဲ့သည်။

ထို့အပြင် မြန်မာ့နိုင်ငံရေး ဖြစ်စဉ်သမိုင်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲက အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ ၂၀၁၀ ပြည့်နှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကို နိုင်ငံတကာအနေဖြင့် အသိအမှတ်ပြု၍ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို လက်ခံခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်လာသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံ့တာဝန်ရယူပြီး ဒီမိုကရေစီစနစ် ပြန်လည်တည့်မတ်ပေးနေမှုကို အသိအမှတ်မပြုသည်မှာ ရှေ့နောက်မညီသည့်စနစ် ကျင့်သုံးခြင်းသာဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံများအားလုံးနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသော်လည်း အမေရိကန်နှင့် အနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ်တွင် အစဉ်အဆက် ရန်ဘက်သဖွယ်သဘောထားလျက်ရှိသည်မှာ ကြီးမားသော နောက်ခံအကြောင်းတရားများရှိနေသည်ကို လေ့လာကြည့်လျှင် တွေ့ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ၎င်းတို့ဖြစ်စေချင်သည့်အတိုင်း မဖြစ်သည့်အခါ မစားရသည့်အမဲ သဲနှင့်ပက်သကဲ့သို့ ရန်ပြုနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပထဝီနိုင်ငံရေးသဘောအရ မြန်မာနိုင်ငံ၏ မိတ်ဆွေအိမ်နီးချင်း တရုတ်နိုင်ငံကြီးကို ထိန်းချုပ်နိုင်ရေး ရည်မှန်းချက်ကို အမေရိကန်ဦးဆောင်သော အုပ်စုများက ကျင့်သုံးနေခြင်းလည်း ပါဝင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ၎င်းတို့လိုလားသော အစိုးရ/အုပ်စု အာဏာရရှိရေးအတွက် တစိုက်မတ်မတ် ကြံစည်အားထုတ်နေခြင်းဖြစ်သည်။ ၎င်းတို့ အလိုဆန္ဒအတိုင်း ဖြစ်မလာသည့်အခါ မြန်မာနိုင်ငံ၌ ကဏ္ဍပေါင်းစုံ မငြိမ်မသက်ဖြစ်အောင်၊ မတည်ငြိမ်အောင်၊ ပျက်ပြားအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။ ဒီမိုကရေစီကို တန်ဖိုးထားသည်၊ အကြမ်းဖက်မှုကို ဆန့်ကျင်သည်ဆိုသော်လည်း အမေရိကန်နိုင်ငံကိုယ်တိုင်က အကြမ်းဖက်အဖွဲ့များကို ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် ကူညီနေသည်။ ထို့အပြင် သမိုင်းအစဉ်အလာအရ ရင်းနှီးချစ်ခင်ခဲ့သော မိတ်ဆွေနိုင်ငံအချို့သည်လည်း အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို မလွန်ဆန်နိုင်ဘဲ မြန်မာနိုင်ငံအပေါ် ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး ပိတ်ဆို့မှုများ ပြုလုပ်ပေးခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက်တွင် နိုင်ငံရေးကိစ္စများ၌ သတိကြီးကြီးထား ဆောင်ရွက်ခဲ့ရပြီး မျက်မှောက်ကာလတွင်လည်း အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရက နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူဆောင်ရွက်နေချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံကို ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်မှုများတွင် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် ဦးစိုးမြင့်(စိုးမှူး)- ဒေါ်ကြည်ကြည်ခင်(စိုးကြည်ဖြူ)၊ သမီး-အကယ်ဒမီ စိုးမြတ်သူဇာ(စိုးမြတ်သူဇာ) မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဒေါက်တာနေဝင်း စိတ်ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ဒေါက်တာမောင်မောင်မြင့်-စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး) (ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်စာရေးဆရာအသင်း)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဘဒ္ဒန္တ ကေလာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပဏ္ဍိတာရာမ စာသင်တိုက်၊ သီရိပုံချီ ဗိုလ်ချုပ်စိန်ထွား-ငြိမ်း(ညိုထွေး)၊ ဒုတိယ ဗိုလ်မှူးကြီးဖေငြိမ်း-ငြိမ်း(ကျော်စောဟန်)၊ ဆရာကြီးကပ္ပတိန် သာစိန်(မိသားစု) တောင်ဥက္ကလာပမြို့နယ်၊ ဦးသန်းဝင်း (မင်းယဉ်စု) မိသားစု၊ ဦးခင်မောင်ညွန့်(တက္ကသိုလ်ခိုင်ထွန်း-ဖျာပုံ)၊ ဆရာမကြီး ဗိုလ်ချို မြေတင်တင်ဝင်း (ရန်ကင်းမြို့နယ်)၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ မြောင်းမြမြို့နယ်စာရေးဆရာအသင်းနှင့် ရွှေပြည်သာမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဆရာဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေမြို့တော်စည်ပင်)၊ မြဝတီသတင်းစာတိုက်နှင့် ပုဏ္ဏားကျွန်းမြို့နယ်



စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ ပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ(၁)ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူးဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၁)ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး) တို့က လက်ခံရယူသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၇၇ | ၆၇၇,၆၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၁၉၄ | ၅၇၂,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၅၀၀ | ၂၆၇ | ၂,၀၀၂,၇၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁,၈၄၀ | ၃,၀၃၆,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂ | ၅,၄၀၀ |
| EFR | ၂,၁၅၀ | ၂,၁၀၀ | ၂,၂၆၈ | ၄,၇၇၀,၀၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၉၂ | ၄၅၀,၆၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၃၁ | ၅၅,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲမှာ ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် “ဝိဓူရ”ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ ဖြစ်နေခဲ့ရပြီး ယခုကျင်းပသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့်အချက်များအား လေ့လာဆန်းစစ်ခြင်း ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk)၏ အမှတ်စဉ်(၃၅) ဆွေးနွေးပွဲအဖြစ် “အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့်အချက်များအား လေ့လာဆန်းစစ်ခြင်း” ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ငွေကြေးအရင်းအနှီးနှင့် ရုပ်ဝတ္ထုမဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ်(Human Resources –HR)သည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော်ခဲ့ပါကြောင်း။

**တိုက်တွန်းမှာကြား**

ထို့ကြောင့် လူသားတစ်ဦးချင်းစီ၏ အသိပညာကြွယ်ဝမှုသည် စစ်မှန်သော တိုးတက်မှုဖြစ်သဖြင့် အသိပညာမျှဝေမှု ပြုလုပ်ခြင်းဖြင့် ဆောင်ရန်/ရှောင်ရန် အချက်များကိုသိရှိပြီး အခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသင်ယူမှု(Learning Process)ကို အခြေခံသည့် KSP အစီအစဉ်ကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ တင်ပြဆွေးနွေးသူက ပြည့်ပြည့်စုံစုံ ရှင်းလင်း ဆွေးနွေးပေးပါရန်နှင့် တက်ရောက်လာကြသူများကလည်း စိတ်ပါဝင်စားစွာဖြင့် မေးမြန်း ဆွေးနွေးပေးစေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆွေးနွေးပွဲ အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်က **“အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့် အချက်များအား လေ့လာဆန်းစစ်ခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) သတ္တမအကြိမ် အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၇**

အဆင့်မြင့်ပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (၂၀၂၃) “Conference on Science and Technology Development – 2023” ကို အောက်တိုဘာ ၂၆ ရက်မှစတင်ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဇဟိုဌာန ငါးထပ်စာသင်ဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်တိုင်လာရောက်စာတမ်း မဖတ်ကြားနိုင်သော Keynote Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

နှစ်ရက်တာ ကွန်ဖရင့်ကျင်းပစဉ်ကာလအတွင်း ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) စာတမ်းလေးစောင် အပါအဝင် စုစုပေါင်း သုတေသနစာတမ်း ၁၂၃ စောင် ဖတ်ကြားနိုင်ခဲ့ပြီး ပိုစတာ ၂၃ စောင်ကို ပြသနိုင်ခဲ့သည်။

**ပေးအပ်ချီးမြှင့်**

သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်(၂၀၂၃)တွင် အကောင်းဆုံး စာတမ်းဆုခနစ်ဆုနှင့် အကောင်းဆုံးပိုစတာဆု နှစ်ဆုကို တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်တို့က ပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၃) အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ




ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ"ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဧရာဝတီတိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက်အရရော၊ အရည်အသွေးအရပါ တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်စီစဉ်ပေးလျက်ရှိသည်။ ယခုနှစ် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မိမိတို့၏စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စားမြတ်နိုးသူများ တိုးပွားလာမှု၊ မိဘပြည်သူများ၏ အားပေးမှု၊ နိုင်ငံတော်၏ အားပေးချီးမြှင့်မှု၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၏ ထောက်ပံ့ ကူညီမှုတို့ကြောင့် ယခင်နှစ် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထက် ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာကြောင်း သိရသည်။

**"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ ယှဉ်ပြိုင်**

ယနေ့တွင် **"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆောင်ဝဇီယာ"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သြဘာမင်္ဂလာ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်"တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခင်မွန်ရွှာသူ" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မောင်းမကန်ကေသီဦး" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အနန္တမေတ္တာ"သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး(မဟာဂီတ)အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း)အရေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးသန့်ဇင်ထွန်း ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အာကာမင်းထက် ယှဉ်ပြိုင်စဉ်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာအသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇာတိပုည ဂုဏ်မာန"ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညို့ညို့ဆိုင်းဆိုင်း"(ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓေယျာအောင်ချာ"(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ

**စာမျက်နှာ ၅ သို့ »»**

»»» စာမျက်နှာ ၄ မှ

ပြိုင်ပွဲဝင်က “ဝိဇ္ဇာတောလား” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထွေထွေဆန်းဆန်း” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လက်ရေတပြင်တည်း” (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရဝိန်ဒေါင်းယာဉ်ပျံ”(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မင်္ဂလာ” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောနှင့် တောင်စွယ်” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောနှင့်တောင်စွယ်” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လွမ်းပိုအောင်”(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေပင်ရွှေဘုန်း”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လယ်ယာသပြေ” (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပလွေပြိုင်ပွဲ**

**ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရောတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက“ရေယမုံ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ” (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာအောင်ချာ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖန်ထွေလာ”(မွန်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လွမ်းဘွဲ့ဝေ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး(ကာလပေါ်)အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသမီး(ကာလပေါ်)အဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပလွေပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးဇင်မင်းထိုက် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီး ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းအိအိလှိုင် ယှဉ်ပြိုင်စဉ်။

**တယောပြိုင်ပွဲ**

**တယောပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “အိုသာတင့်ဆုံး” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “အောင်မြေမြမန်း”(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညဥ့်သုံးယံခါ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သူဌေးဝါဒ” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောင်တောသာယာ”(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာမြို့”(ကြိုး) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် “ပညာရွှေအိုး” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**

**ဇာတ်တော်ကြီး ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဧရာဝတီတိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဇာတ်တော်ကြီးပြိုင်ပွဲအဖြစ် မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ပထမတန်း) “ပညာရွှေအိုး” ဇာတ်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲအဖြစ် ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား/အမျိုးသမီး) မင်းသားနှင့် မင်းသမီး အရုပ်ကြိုးဆွဲပြိုင်ပွဲ တို့ပါဝင်သည်။ ထို့ပြင် ရှားပါးပညာရပ်တစ်ခုဖြစ်သော တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သည့် နှုတ်မှုစွမ်းရည်ပြ “ကွက်စိပ်” ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။ ရှေးအခါက ဇာတ်ပို့ဆိုင်းမပါဘဲ ဟောပြောသည့် “စာဟော”ကွက်စိပ်နှင့် ဇာတ်ပို့ဆိုင်းပါဝင်သည့် “ဇာတ်ပြော” ကွက်စိပ်ဟူ၍ရှိပြီး ယခုပြိုင်ပွဲတွင် ထည့်သွင်းထားသည်မှာ ဇာတ်ပို့ဆိုင်းပါဝင်သည့် ဇာတ်ပြောကွက်စိပ်ဖြစ်ကာ ဝါသနာရှင်အဆင့် (ပထမတန်း)အတွက် “တိလမုဋ္ဌိ” ဇာတ်နှင့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)အတွက် “သသပဏ္ဍိတ”ဇာတ်ကို ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည်။

**အရေးပြိုင်ပွဲ**တွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား/အမျိုးသမီး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား/ အမျိုးသမီး၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီး၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတို့ပါဝင်ပြီး ပြိုင်ပွဲဝင်ချိန်တွင် မဲကျသည့် သတ်မှတ်ခေါင်းစဉ်အတိုင်း ရေးသားယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားတယောအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်ဇွဲမာန်ထက် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်ကို အတူတကွ မျှဝေတည်ဆောက်

ကိုကိုလှိုင်

**“ ကမ္ဘာ့တစ်ထောင့်တစ်နေရာ၌ ဘာသာရေးပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ် ကလေးသူငယ်များပါမကျန် မည်းမည်းမြင်ရာ ပစ်ခတ်သတ်ဖြတ် ဖမ်းဆီးသွားသည့် အကြမ်းဖက်ဖြစ်ရပ်များ၊ ယင်းကို တန်ပြန်လက်စားချေသည့်အနေဖြင့် ကုလသမဂ္ဂ စာသင်ကျောင်းပါမကျန် ဗုံးမိုးရွာ တိုက်ခိုက်မှုဖြစ်ရပ်များကြောင့် လူထောင်ပေါင်းများစွာ သေကျေဒဏ်ရာရမှုများထံသို့ အတွေးစိတ်က ရောက်သွားပြန်သည်။ ထို့အပြင် ကမ္ဘာ့တစ်နေရာ၌ ဆေးရုံသင်္ဘောဖြင့် လူ့အသက်များကို ကယ်တင်နေစဉ် အခြားတစ်နေရာ၌ လေယာဉ်တင်စစ်သင်္ဘောကြီးများအပါအဝင် တိုက်ခိုက်ရေးရေယာဉ်အုပ်စုကြီးများက မြေထဲပင်လယ်ဘက်ဆီ အုပ်ဖွဲ့ချီတက်ကာ စစ်ပြင်နေမှုများ . . . ”**

အနောက်ဘက်ကမ္ဘာတစ်ခြမ်းတွင် သေနတ်သံ၊ ဗုံးသံ၊ ငရဲပွက်သံများဖြင့် ဆူညံနေသောကာလ၌ အေးချမ်းသာယာသော ရပ်ဝန်းတစ်ခုသို့ ကျွန်တော်တို့ ခြေချမိခဲ့ကြသည်။ ကျွန်တော်တို့ဆိုသည်မှာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဖြစ်ပြီး အေးချမ်းသာယာသောရပ်ဝန်းဆိုသည်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့တို့တွင် တက်ရောက်ခဲ့သည့် **“တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်”** ကျင်းပရာဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော် ဖြစ်သည်။

### ဂါဇာကမ်းမြောင်ဒေသ၏ မြေပြင်စစ်ပွဲ

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့တည်းခိုရာ ပေကျင်းနိုင်ငံတကာဟိုတယ်သို့ ရောက်ရှိနေရာချထားပြီးသည်နှင့် အခန်းထဲမှ ရုပ်မြင်သံကြားကို ဖွင့်လိုက်ရာ ရုပ်သံလိုင်း အတော်များများက အစ္စရေး-ပါလက်စတိုင်း ဂါဇာပဋိပက္ခကို ပြသနေကြသည်။ တရုတ်နိုင်ငံအတွင်းသို့ ဆိုက်ဘာ မဟာတံတိုင်း (Cyber Great Firewall) ကြီးကို ဖြတ်ကျော်ဝင်ရောက်လိုက်သည်နှင့် Facebook၊ Google၊ Gmail စသည့် ရှိရှိသမျှ အနောက်နိုင်ငံသုံး အင်တာနက် ဆက်သွယ်ရေးလမ်းကြောင်းများ အဆက်အသွယ်ပြတ်သွားကြသည်ဖြစ်ရာ တရုတ်နိုင်ငံသုံး WeChat၊ Beidu စသည့် လမ်းကြောင်းများ မဖွင့်ထားခဲ့လျှင် ကမ္ဘာကြီးနှင့် ဒစ်ဂျစ်တယ်လမ်းကြောင်း ပြတ်တောက်သွားတော့သည်။ ထို့ကြောင့် ဟိုတယ်ခန်းထဲမှ ရုပ်မြင်သံကြားသည်သာ ကမ္ဘာကြီး၌ ဖြစ်ပျက်နေသမျှ မြင်တွေ့နိုင်သည့် တစ်ခုတည်းသောပြတင်းပေါက် ဖြစ်လာလေသည်။ ရုပ်မြင်သံကြားလိုင်းများတွင်လည်း ဂါဇာပဋိပက္ခကို မိမိတို့ အားသန်သည့်အမြင်များဖြင့် တင်ဆက်ပြသနေကြသည်။ CNN ရုပ်သံလိုင်းက ဟားမားစ်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို အလေးပေးပြသနေချိန်၌ တရုတ်ရုပ်သံလိုင်းများတွင် အစ္စရေးတင့်ကားနှင့် သံချပ်ကာယာဉ်များက ဂါဇာနယ်စပ်တွင် မြေပြင်ထိုးစစ်ကြီးဆင်နွှဲရန် ရာနှင့်ချီ၍ စုရုံးနေပုံကို ပြသနေသည်။ ရုရှားရုပ်သံလိုင်း RT က ဂါဇာတွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တိုက်တာအိမ်ခြေအဆောက်အအုံများ ပြားပြားဝပ်ပြိုကျပျက်စီးနေပုံ၊ ဂါဇာပြည်သူလူထု ထိခိုက်ဒဏ်ရာရ သေဆုံးနေကြပုံများကို ပြသနေသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင်မူ ဂါဇာဆေးရုံတစ်ရုံအပေါ် ဒုံးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးငယ်အများစုအပါအဝင် လူများရာနှင့်ချီ၍ သေဆုံးကြသည့်သတင်း တက်လာသည်။ အရှေ့အလယ်ပိုင်းနှင့် အာရပ်ကမ္ဘာတွင် အစ္စရေးလက်ချက်ဟု တညီတညွတ်တည်း စွပ်စွဲကာ လူထုအုံကြွဆန္ဒပြမှုများ ပျံ့နှံ့ဖြစ်ပွားလာသည်ကို တရုတ်နှင့် ရုရှားရုပ်သံလိုင်းများ၌ တွေ့မြင်နေရချိန်တွင် အမေရိကန် CNN က ယင်းဖြစ်ရပ်မှာ အစ္စရေး၏လက်ချက်မဟုတ်ဘဲ အစ္စလာမ့်စ်ဂျီဟတ် စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဖော်ပြနေသည်။ ဂါဇာကမ်းမြောင်ဒေသ၏ မြေပြင်စစ်ပွဲက လေလှိုင်းပေါ်တွင်လည်း မီဒီယာစစ်ပွဲအဖြစ်သို့ ကူးစက်ရောက်ရှိနေခဲ့လေသည်။

အရှေ့အလယ်ပိုင်းဒေသတွင် စစ်မီးတောက်မီးလျှံများ၊ ဒုံးသံ၊ ဗုံးသံ၊ သေနတ်သံများဖြင့် ငရဲပွက်နေချိန်တွင် နိုင်ငံပေါင်း ၁၃၀ နှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၀ ကျော်မှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ နိုင်ငံအကြီးအကဲများ ပါဝင်တက်ရောက်နေကြသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ်တွင်မူ တရုတ်ရိုးရာဂီတအဖွဲ့၊ တရုတ်နိုင်ငံတော် ဩချက်စတြာတီးဝိုင်းနှင့် တရုတ်တပ်မတော် စစ်တီးဝိုင်းတို့၏ သာယာငြိမ့်ညောင်းသော ဂီတသံတို့က လွှမ်းမိုးနေသည်။ အရှေ့အလယ်ပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အပြတ်ရှင်းလင်း သုတ်သင်ရန် ကြိမ်းဝါးနေကြချိန်တွင် ဤဖိုရမ်၌မူ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးနေကြသည်။

### ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၈) ရပ်

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည့် ဖိုရမ်ဖွင့်ပွဲအခမ်းအနား၌ တရုတ်သမ္မတ ရှီကျင့်ဖျင်က ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ် ဆက်လက်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၈) ရပ်ကို တင်ပြခဲ့သည်။ ယင်းလုပ်ငန်းစဉ်များကို အကျဉ်းချုပ်ဖော်ပြရပါလျှင် ရပ်ဝန်းနှင့် ပိုးလမ်းမ ဘက်စုံဆက်သွယ်မှုကွန်ရက်တည်ဆောက်ရေး၊ ကမ္ဘာ့စီးပွားရေးကို ပွင့်လင်းလွတ်လပ်စွာဆောင်ရွက်နိုင်ရန်အတွက် အားပေးထောက်ခံရေး၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရေး၊ သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှုများ တိုးတက်ဆောင်ရွက်ရေး၊ ပြည်သူလူထုအချင်းချင်း ဆက်သွယ်ထိတွေ့ဆက်ဆံမှုကို ထောက်ပံ့အားပေးရေး၊ ပေါင်းစည်းမှုအခြေပြုရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊ နိုင်ငံတကာရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုအတွက် စနစ်တကျဖွဲ့စည်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာ တည်ဆောက်သွားရေးတို့ဖြစ်သည်။

ဤဖိုရမ်၏ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများတွင် ဖော်ပြပါအချက် (၈) ချက်ကို မူတည်၍ ခေါင်းစဉ်တပ်ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဖိုရမ်ဖွင့်ပွဲအခမ်းအနား၌ ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်တွင်ပါဝင်သည့် ကမ္ဘာ့နေရာဒေသအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်ငါးဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အနှစ်ချုပ်မိန့်ခွန်းများ မှတ်ချက်ပြု ပြောကြားခဲ့ကြသည်။ အရှေ့ဥရောပဒေသမှ ရုရှားသမ္မတပူတင်က ကမ္ဘာ့မဟာဗျူဟာအနေအထားနှင့်ပတ်သက်၍ တစ်နိုင်ငံတည်း ကြီးစိုးခြယ်လှယ်သည့် Unilateralism မှေးမှိန်လာကာ နိုင်ငံစုံဆက်ဆံမှုမူဝါဒ Multi-lateralism က အစားထိုးဝင်ရောက်လာမှုကို အလေးထား ပြောကြားသွားခဲ့ပြီး ရပ်ဝန်းနှင့် ပိုးလမ်းမ အခြေခံမူများဖြစ်သည့် လူ့ယဉ်ကျေးမှုအဖွဲ့အစည်းများအကြား ကွဲပြားမှုအပေါ် အသိအမှတ်ပြုလေးစားရေးနှင့် နိုင်ငံတိုင်းက မိမိတို့နှစ်သက်ရာ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ရွေးချယ်ပိုင်ခွင့်တို့အပေါ်မူတည်ကာ နိုင်ငံချင်း တန်းတူရည်တူ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထောက်ခံပြောကြားသွားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသမှ ကာဇက်စတန်သမ္မတ တိုကာယက်ပ်ကလည်း ယင်းတို့နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်ကြောင့် ကုန်းတွင်းပိတ်နိုင်ငံ (Land Locked) ဘဝမှ ကုန်းတွင်းချိတ်ဆက်ပေါင်းကူးနိုင်ငံ (Land Link) နိုင်ငံဖြစ်လာခဲ့ပြီး အကျိုးစီးပွား ဖြစ်ထွန်းခဲ့မှုများကို ဝမ်းမြောက်ဝမ်းသာ ပြောကြားသွားခဲ့သည်။

အရှေ့တောင်အာရှဒေသမှ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက ကွဲပြားမှုကြီးမားနေသည့် ကမ္ဘာကြီးတွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများအနေဖြင့် ပေါင်းစည်းအင်အားတည်ဆောက်၍ စုပေါင်းညီညာဆောင်ရွက်ကြရန် လိုအပ်မှုကို မီးမောင်းထိုးပြောကြားသွားခဲ့သည်။

တောင်အမေရိကတိုက်မှ အာဂျင်တီးနားသမ္မတ ဖာနန်ဒက်ဇ်ကလည်း ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်၌ တရုတ်နိုင်ငံ၏ ဦးဆောင်မှုကဏ္ဍကို ချီးမွမ်းပြောကြားသွားပြီး နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းအင်အား ရယူရေးကို အလေးထားဖော်ပြမှတ်ချက်ပြုသွားခဲ့သည်။

အာဖရိကဒေသမှ အီသီယိုးပီးယားဝန်ကြီးချုပ် အာမက်က အာဖရိကနိုင်ငံများအနေဖြင့် ယခင်က ကမ္ဘာ့အရေးအရာများတွင် ဘေးဖယ်ချောင်ထိုးခံထားခဲ့ရသည့်အဖြစ်မှ ယခုအခါ တိုးတက်ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်ကြောင့် ဒေသခံများ လူမှုစီးပွားရေးဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမှုကို အထူးပြုပြောကြားသွားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်က ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သန်းထောင်ချီရှိသော ပြည်သူများ၏ နေ့စဉ်ဘဝအတွက် အခြေခံဖြစ်သည့် သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အား၊ လမ်းတံတား၊ ဆေးရုံ၊ ကျောင်းစသော အခြေခံအဆောက်အအုံများ ရရှိနိုင်ရေးအတွက် အထူးအရေးပါသော အစီအစဉ်ဖြစ်ကြောင်း ထောက်ခံပြောကြားသွားခဲ့သည်။

### လွှမ်းမိုးအောင်မြင်သွားပေလိမ့်မည်

ကမ္ဘာ့နိုင်ငံအများစုက ထိုကဲ့သို့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ ကိုယ်တိုင်လာရောက်စုစည်းကာ အမြင်ချင်းဖလှယ်၍ အပြုသဘောဆွေးနွေးနေကြချိန်တွင် ကိုယ်တိုင်လည်း မပါဝင်၊ အကောင်းမြင်သဘောဖြင့် ရှုမြင်နိုင်ခြင်းလည်း မရှိဘဲ အောင့်အည်းအောင့်သက် ဘေးထွက်ထိုင်ကာ အမနာပ ပြောဆိုကြသူ တစ်စုတော့ ရှိပါလေသည်။ ရေရှည်ကာလတွင်မူ လက်တွေ့ကျကျ အခြေခံပြည်သူလူထု၏ အကျိုးစီးပွားကို အမှန်ဖော်ဆောင်ပေးနိုင်သော အစီအစဉ်တို့ကသာ လွှမ်းမိုးအောင်မြင်သွားပေလိမ့်မည်။

အခြေခံလူထု၏ အကျိုးစီးပွားကို ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်က လက်တွေ့ကျကျ ဖော်ဆောင်ပေးနေမှုကို ကျွန်တော်ပါဝင်တက်ရောက်ခဲ့သော ပြည်သူချင်း ဆက်သွယ်ထိတွေ့ဆက်ဆံရေးဘာသာရပ်ဖိုရမ်တွင် တွေ့မြင်ခဲ့ရသည်။ ဤဘာသာရပ်ဆိုင်ရာဖိုရမ်၏ ထူးခြားချက်မှာ ဖိုရမ်တို့၏ ထုံးတမ်းစဉ်လာအတိုင်း ဦးဆောင်ဆွေးနွေးသူ Panelist တို့၏ ပါဝင်ဆွေးနွေးမှုကို တိုတိုကျဉ်းကျဉ်း ပြုလုပ်ပြီး လက်တွေ့နယ်ပယ်၌ ပြည်သူချင်းထိတွေ့ဆက်ဆံမှု လုပ်ငန်းများ၏ အောင်မြင်စွာ ဖော်ဆောင်နိုင်မှုများကို ဖြစ်ရပ်မှန်သရုပ်ဖော်ပြကွက် Story Telling acts များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်သွားရာ ဖိုရမ်တက်ရောက်လာသူများအတွက် အသိပညာလည်းရ ဖျော်ဖြေတင်ဆက်မှုများကြောင့် အငြီးလည်းပြေကာ ပရိသတ်၏ စိတ်ဝင်စားမှုကို ရယူနိုင်ခဲ့သော တီထွင်ဖန်တီးမှုအဖြစ် မြင်ရသည်။ ယင်းသည်ပင် လူထုဆက်ဆံရေးပညာ Public Relation ကို ထိရောက်စွာအသုံးချနိုင်မှုကို ဖော်ပြနေခြင်း ဖြစ်လေသည်။

### တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ စာရေးသားပေးပို့ခဲ့သော လာအိုနိုင်ငံရှိ မူလတန်းကျောင်းသူလေး

အဆိုပါပြကွက်များမှ ကျွန်တော် အမှတ်ထင်ထင်ရှိခဲ့ရသော ဖြစ်ရပ်အချို့ကို မှတ်မိနေပါသေးသည်။ ပထမဖြစ်ရပ်တစ်ခုမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ စာရေးသားပေးပို့ခဲ့သော လာအိုနိုင်ငံရှိ ကျေးရွာလေးတစ်ခုမှ မူလတန်းကျောင်းသူလေးကို သမ္မတရှီကိုယ်တိုင် ပြန်စာရေးသားပေးပို့ခဲ့သည့်အပြင် ထိုကျောင်းသူလေးနှင့် ကျောင်းအုပ်ဆရာမကြီးကိုပါ ယခုဖိုရမ်သို့ ဖိတ်ကြားကာ ဖိုရမ်တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျောင်းသူလေးက သူတို့မူလတန်းကျောင်းကို တရုတ်-လာအို မီးရထားလမ်း ဆောက်လုပ်ရေးကုမ္ပဏီက လူမှုတာဝန်သိ လုပ်ငန်းအဖြစ် အသစ်ဆောက်လုပ်ပေးခဲ့ကြောင်း၊ တရုတ်ပရဟိတ ဆရာမ နှစ်ဦးကလည်း တရုတ်ဘာသာစကား လာရောက်သင်ကြားပေးခဲ့ကြောင်း၊ ယင်းအတွက် တရုတ်သမ္မတကြီးထံ စာရေးသားခဲ့ရာ မမျှော်လင့်ဘဲ သမ္မတကြီးထံမှ ပြန်စာရ၍ အလွန်ဝမ်းသာရပါကြောင်း၊ ယခုတရုတ်နိုင်ငံသို့ လာရောက်ခဲ့ရာတွင်လည်း တရုတ်-လာအို မြန်နှုန်းမြင့် မီးရထားကြီးကို စီး၍လာရသဖြင့် အလွန်ပျော်ရွှင်မိပါကြောင်း လာအိုသံဝဲဝဲ တရုတ်ဘာသာစကားဖြင့် မပြောတတ် ပြောတတ် ပြောကြားခဲ့ရာ သောင်းသောင်းဖြဖြ အားပေးမှုကို ရရှိခဲ့သည်။

နောက်ထပ်ပြကွက်တစ်ခုမှာ ငယ်စဉ်ကပင် ဖျားနာကာ အာရုံကြောထိခိုက်မိ၍ ဆွံ့အနားမကြားဖြစ်နေသော ကမ္ဘောဒီးယား မိန်းကလေးငယ်တစ်ဦးကို

**စာမျက်နှာ ၇ သို့** ✪

❖ ကျောဖုံးမှ

အဆိုပါအခမ်းအနားကို အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ စက်မှုဇုန်များမှ ဇုန်ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ပြီး MSME စက်မှုလုပ်ငန်းရှင်များကို လိုအပ်သောငွေကြေးအရင်းအနှီး၊ နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေးစသဖြင့် လိုအပ်သော အထောက်အပံ့များဆောင်ရွက်ပေးခဲ့ခြင်းကြောင့် "တိုးတက်ကောင်းမွန်လာသည့် နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ ပြည်တွင်းထုတ်ကုန်များကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်များကို အားပေးမြှင့်တင်ရန်၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"အတွက် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များအပေါ် အထောက်အကူဖြစ်စေမည့် ကဏ္ဍတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုထုတ်ကုန်များ၊ MSME ထုတ်ကုန်ပြသရောင်းချပွဲများကျင်းပခဲ့ရာ (၂၀၂၂) ခုနှစ် သီတင်းကျွတ်ပွဲတော်"၊ "တန်ဆောင်တိုင်ပွဲတော်"၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဈေးရောင်းပွဲတော်၊ မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲများကျင်းပခဲ့ကြောင်း၊ ယခုကဲ့သို့ ထုတ်ကုန်ပစ္စည်းများ ပြသနိုင်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ထုတ်ကုန်များကို အပြန်အလှန်သိရှိချိတ်ဆက်မိခြင်း၊ ပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာနှင့် ဝယ်ယူသုံးစွဲခွင့်ရရှိခြင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချဈေးကွက်ချဲ့ထွင်နိုင်ခြင်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ "၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်" တွင် အရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်(MNA)

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာအကများဖြင့်လည်းကောင်း၊ ဘင်ခရာအဖွဲ့များကလည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖျော်ဖြေတင်ဆက်ကြသောအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဈေးဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုကျင်းပသည့် "၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်"တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ UMFCCI နှင့် ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ MSME လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ လူငယ်စွန့်ဦးတီထွင်သူများအသင်း၊ ကွန်ပျူတာအသင်းချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့မှ ထုတ်ကုန်အရောင်းပြခန်းများ၊ ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်ဆိုင်ခန်းကြီးများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန် အရောင်းပြခန်းများပါရှိပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်ရောင်းချသော ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀၀ ခန့် ပြသရောင်းချမည်ဖြစ်သည်။

ပွဲတော်ရက်များအတွင်း နေ့စဉ် E-Sport Game ပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့်ဂီတနယ်ပယ်မှ ကျော်ကြားသော အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ Circus၊ မျက်လှည့်၊ DJ၊ Dancer များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ပြီး ဆန်၊ ဆီ၊ ကြက်ဥနှင့်ဟင်းသီးဟင်းရွက် အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများသွားရေးလာရေး လွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ထားရှိပေးထားကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၇

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက် ၈၀ နှစ်နှင့်အထက် ဆရာသမားများနှင့် အသင်းဝင်သက်ကြီး ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးရဲမြင့်ဖေ(စာတည်းမှူးချုပ်-ငြိမ်း) - ဒေါ်စန်းစန်းဝေ မိသားစုက အလှူငွေကျပ်တစ်သိန်း၊ နန်းဆိုင်ခမ်း(တောင်ကြီး) မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဒေါ်အေးအေးမော် မန်နေဂျာ(ငြိမ်း)က အလှူငွေကျပ်တစ်သိန်း၊ ဦးထွန်းလင်းအောင် (ACME print & Pack)- ဒေါ်သိင်္ဂီဦး မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဦးကျော်ဇင်စိုးက အလှူငွေကျပ်ငါးသောင်း၊ ဒေါ်ဖြူဖွေးသန့်စင်က အလှူငွေ ကျပ်ငါးသောင်း၊ ဦးမင်းဇော်သိန်းက အလှူငွေကျပ်ငါးသောင်း၊ ဦးသန်းနိုင်(မြတ်သူစံ-ဝါးခယ်မ)မိသားစုက အလှူငွေကျပ်ငါးသောင်းနှင့် ဦးအေးသန်းမိသားစုက အလှူငွေကျပ်ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်းငါးသောင်းတိတိကို အောက်တိုဘာ ၂၅ ရက်က အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။




**အေးသန်း(စိန်တုံးကြီး)**

### ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၈၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ(၂၆-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၇-၁၀-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❂ စာမျက်နှာ ၆ မှ

စေတနာ့ဝန်ထမ်း တရုတ်တိုင်းရင်းဆေးပညာရှင်အဖွဲ့က အပ်စိုက်ကုသပေးခဲ့မှုဖြစ်သည်။ အဆိုပါ မိန်းကလေးမှာ မိဘက ငွေကြေးမတတ်နိုင်သဖြင့် ဆေးဝါးမကုသနိုင်ဘဲ ကြီးပြင်းလာခဲ့ရာ အပျိုပေါက်အရွယ်ရောက်မှ တရုတ်အပ်စိုက်ကုအဖွဲ့က ကုသပေးခဲ့ခြင်းဖြစ်သည်။ မိန်းကလေးမှာ အပ်များကိုတွေ့မြင်ပြီး ကြောက်လန့်ကာ အစိုက်မခံဘဲ ငြင်းဆန်နေမှုကြောင့် အပ်စိုက်ပညာရှင်ကိုယ်တိုင် သူ့အပ်ကို သူ့မျက်နှာတွင် စိုက်ပြခဲ့ရသည်။ အပ်စိုက်ကုသ၍ နားကြားလာချိန်တွင် ကံမကောင်းအကြောင်းမလှစွာ မိုးကြိုးပစ်သံကို အနီးကပ်ကြားလိုက်ရသဖြင့် အကြောက်လွန်ကာ နားအကြားအာရုံ ပျောက်ကွယ်သွားရပြန်သည်။ တရုတ်ဆေးပညာရှင်အဖွဲ့မှာ နားရောဂါကိုလည်း ဆေးကု၊ စိတ်ပိုင်းဆိုင်ရာကိုလည်း ကုသပေးခဲ့ရသည်။ ထိုကမ္ဘောဒီးယား မိန်းကလေးနှင့် သူ၏ မိခင်ကိုပါ ဖိုရမ်သို့ ဖိတ်ခေါ်၍ ယခင်ကုသမှု ဗီဒီယိုမှတ်တမ်းများနှင့်ပါ တွဲဖက်၍ တင်ပြခဲ့သည်။ တရုတ်ဘာသာစကားဖြင့် "ကျေးဇူးတင်ပါတယ်"ဟု မပီကလာ ပြောခဲ့သော မိန်းကလေးနှင့် သမီးကိုဖက်၍ ဝမ်းသာဝမ်းနည်း မျက်ရည်လည်ရွဲ ဖြစ်နေသော သူ၏မိခင်တို့က ပရိသတ်၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့၏။

**စေတနာ့ဝန်ထမ်း ဆေးကုသရေးအဖွဲ့**

ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်မှ ပြည်သူချင်းထိတွေ့ဆက်ဆံမှုကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသော စေတနာ့ဝန်ထမ်း ဆေးကုသရေးအဖွဲ့တွင် တရုတ်ကျန်းမာရေးလုပ်သားများ အပါအဝင် နိုင်ငံပေါင်းစုံမှ စေတနာ့ဝန်ထမ်း ၆၀၀၀ ကျော်ရှိပြီး အာရှ၊ အာဖရိက၊ လက်တင်အမေရိက စသည့် ဒေသများမှ မဖွံ့ဖြိုးသေးသော နေရာများတွင် ဖြန့်ခွဲကာ ကျန်းမာရေးအကူအညီများပေးလျက်ရှိကြသည်။ ယင်းအဖွဲ့တွင် နှလုံးခွဲစိတ်ကုသသည့် ခေတ်မီကိရိယာများ တပ်ဆင်ထားသော ရွေ့လျားခွဲစိတ်ကုသရေးယာဉ်၊ မျက်စိခွဲစိတ်ကုသရေးလှုပ်ရှားမှုအဖွဲ့ စသည့်ရွေ့လျားကုသရေးလုပ်ငန်းများနှင့် ဆေးရုံသင်္ဘောဖြင့် ကမ်းရိုးတန်းတစ်လျှောက် လှည့်လည်ကုသရေးလုပ်ငန်းများပါဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

ထိုအစီအစဉ် ပြကွက်များကို ကရုဏာ၊ မုဒိတာစိတ်များဖြင့် စိတ်ဝင်တစား ကြည့်ရှုနေမိရင်းမှပင် ကမ္ဘာ့တစ်ထောင့်တစ်နေရာ၌ ဘာသာရေးပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ် ကလေးသူငယ်များပါမကျန် မည်းမည်းမြင်ရာ ပစ်ခတ်သတ်ဖြတ် ဖမ်းဆီးသွားသည့် အကြမ်းဖက်ဖြစ်ရပ်များ၊ ယင်းကို တန်ပြန်လက်စားချေသည့်အနေဖြင့် ကုလသမဂ္ဂ စာသင်ကျောင်းပါမကျန် ဗုံးမိုးရွာ တိုက်ခိုက်မှုဖြစ်ရပ်များကြောင့် လူထောင်ပေါင်းများစွာ သေကျေဒဏ်ရာရမှုများထံသို့ အတွေးစိတ်က ရောက်သွားပြန်သည်။ ထို့အပြင် ကမ္ဘာ့တစ်နေရာ၌ ဆေးရုံသင်္ဘောဖြင့် လူ့အသက်များကို ကယ်တင်နေစဉ် အခြားတစ်နေရာ၌ လေယာဉ်တင်စစ်သင်္ဘောကြီးများအပါအဝင် တိုက်ခိုက်ရေးရေယာဉ်အုပ်စုကြီးများက မြေထဲပင်လယ်ဘက်ဆီ အုပ်ဖွဲ့ချီတက်ကာ စစ်ပြင်နေမှုများကို နှိုင်းယှဉ်ကာ တွေးနေမိသည်။

အပြုနှင့် အဖျက်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု၊ ခက်ခက်ခဲခဲကုသကယ်တင်ခဲ့ရသည့်အသက်များနှင့် စက္ကန့်ပိုင်းအတွင်း ပေါက်ကွဲမှုကြီးများနှင့်အတူ အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားခဲ့ရသည့် ဘဝများ၊ ငွေကြေးများစွာ အသုံးပြုတည်ဆောက်နေသည့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများနှင့် ငွေကြေးများစွာ အကုန်ခံကာ ခေတ်မီဒုံးလက်နက်၊ ဗုံးများဖြင့် တမင်ဖျက်ဆီးပစ်လိုက်သည့် အဆောက်အအုံများ။ တစ်နည်းဆိုသော် ကမ္ဘာ့ဇာတ်ခုံပေါ်မှာပင် တစ်ပြိုင်နက်ဖြစ်ပေါ်နေသည့် အဖြူနှင့် အမည်း ပြကွက်နှစ်မျိုးတွင် မည်သူတွေအကျိုးရှိ၍ မည်သူတွေ အကျိုးထိခိုက်ဆုံးရှုံးနေပါသနည်း။

အတွေးစ အမျှင်တန်းရင်းမှပင် သံဝေဂများလည်း ရမိပါသည်။ ကမ္ဘာကြီးတွင်ရော ကျွန်တော်တို့မြန်မာပြည်တွင်ပါ အပြုသဘောဆောင် အများအကျိုးရှိသော တည်ဆောက်မှုများ အားကောင်းနိုင်ပါစေ၊ အဖျက်သဘောဆောင် အကျိုးမဲ့သတ်ဖြတ်ဖျက်ဆီးမှုများ လျော့ပါးပပျောက်နိုင်ပါစေဟု ဆန္ဒပြုရင်းမှပင်-

ကမ္ဘာတစ်ဝန်း အေးချမ်းသာယာဖွံ့ဖြိုးနိုင်ရန် ငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသတည်း။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီ စုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာစေရေးမှာကြား



**ပုသိမ် အောက်တိုဘာ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင် အဖွဲ့ဝင်ဦးသန်းထွန်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ နိုင်ငံရေးပါတီ ခုနစ်ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီဥက္ကဋ္ဌများ၊ တာဝန်ခံများနှင့် မြို့နယ်တာဝန်ခံများအား တွေ့ဆုံ၍ ပါတီဝင်အင်အားများ စုဆောင်းမှုမှအစ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ နည်းဥပဒေများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့် ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံးစည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည် မဟုတ်ပါကြောင်း။

**ပြောကြား**

ယခုကဲ့သို့ နိုင်ငံရေးပါတီများကို ကော်မရှင်က စိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှု ရရှိစေရန်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာ တက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီရယူပြီး CVLMS (Central Voter List Management System) ဆော့ဝဲလ်အပါအဝင် အဆင့်မြင့်အိုင်တီနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌများ၊ ခရိုင်စည်းရုံးရေးမှူးများက ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေး ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အရာရှိများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသား နိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) တို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ပါတီကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှုရှိစေရေး ဥပဒေနှင့်အညီ စိစစ်မှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြား




**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးသည် ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီဝင်အင်အားများ စိစစ်ခြင်းနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး စည်းရုံးမည့်ပါတီ ငါးပါတီနှင့် ရှမ်းပြည်နယ်အတွင်း စည်းရုံးမည့်ပါတီ သုံးပါတီမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဦးစီးအရာရှိများနှင့် တွေ့ဆုံသည်။

**ပူးပေါင်းအစစ်အဆေးခံရန်လိုအပ်**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ပါတီဝင်များ စိစစ်ရာတွင် သက်ဆိုင်ရာပါတီများရှိ ပါတီဝင်လျှောက်လွှာ၊ အသိအမှတ်ပြု ကတ်ပြား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည့် ပါတီဝင်အင်အားစာရင်းနောက်ဆက်တွဲ (ဇ) ပူးတွဲများနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအား အင်အားတောင့်တင်းသောပါတီဝင်များ ဖြစ်လာစေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများမှ ပူးပေါင်းအစစ်အဆေးခံရန် လိုအပ်ကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီရှစ်ပါတီမှ တာဝန်ခံများကလည်း ပါတီအလိုက် တင်ပြဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးသည် ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်း/မြောက်) ဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အရာထမ်းများ၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ပါတီဝင်အင်အားစာရင်းများ မှန်ကန်စွာပြည့်မီရေးအတွက် ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ တိုးတက်မှုအခြေအနေများနှင့် စိစစ်ခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား တွေ့ဆုံဆွေးနွေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပါတီအသီးသီးမှ ပါတီဝင်အင်အား စာရင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ e-ID စနစ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ Admin DEO Software ဖြင့် ပါတီကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းစိစစ် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ(အင်းစိန်)၌ ဆေးဝါးအင်ဂျင်နီယာပညာရပ် အရာရှိအဆင့်သင်တန်းဖွင့်လှစ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၌ ဆေးဝါးအင်ဂျင်နီယာ ပညာရပ်အရာရှိအဆင့်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။






**မှာကြား**

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဆေးဝါးစက်ရုံများမှ နိုင်ငံ၏ ဆေးဝါးလိုအပ်ချက်များကို ၁၅ ရာခိုင်နှုန်းသာ ဖြည့်ဆည်းပေးနိုင်သဖြင့် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆေးဝါးအင်ဂျင်နီယာ ပညာရပ်သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် စက်မှုဝန်ကြီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု အင်ဂျင်နီယာပညာရှင်များက ၎င်းတို့၏ လုပ်ငန်းခွင်နယ်ပယ်အတွေ့အကြုံ၊ ပညာရပ်များကို သင်ကြားပို့ချပေးပြီးဖြစ်၍ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပိုမိုသိရှိပြီး ဖြစ်မည်ဟု ယုံကြည်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်နေသည့် ပညာရှင်များအနေဖြင့် မိမိနားလည် တတ်ကျွမ်းသည့် နယ်ပယ်အတွင်း၌သာ ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း)သင်တန်း အမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နေပြည်တော်တွင် မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဒီပလိုမာစာရင်းကိုင် (Diploma in Accountancy– DA) (ဒုတိယပိုင်း)သင်တန်း အမှတ်စဉ်(၄၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက စာရင်းပညာသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အရေးပါသော ပညာရပ်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုသင်တန်းသည် စာရင်းပညာရပ်ဆိုင်ရာ အခြေခံကောင်းများရရှိစေပြီး စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ ယခု သင်တန်းစာမေးပွဲတွင် ရလဒ်ကောင်းများရရှိစေရေး ကြိုးစားကြစေလိုကြောင်းနှင့် နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အရည်အချင်းပြည့်ဝသော စာရင်းကျွမ်းကျင်သူများ၊ စာရင်းပညာရှင်များ ဖြစ်စေရေး ဆက်လက်လေ့လာဆည်းပူးသွားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂ ရက်မှစ၍ ၁၀ လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး လာမည့်နိုဝင်ဘာလတွင် အရည်အချင်းစစ်စာမေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စာရေးဝန်ထမ်းလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂ / ၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ စာရေးဝန်ထမ်းလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၂၃) ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ် မြေညီထပ်စုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများ စီမံလုပ်ငန်းများနှင့်ပတ်သက်၍ ခေါင်းဆောင်မှုပညာ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်နည်းဥပဒေများ ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ရုံးလုပ်ငန်းစနစ်နှင့် ရုံးစာရေးသားနည်းတို့ကို စနစ်တကျအသုံးပြုပြီး လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းသူ သင်တန်းသား ၂၅ ဦးဖြင့် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တံတားဦးမြို့နယ် ချောင်းပတ်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**တံတားဦး အောက်တိုဘာ ၂၇**

တံတားဦးမြို့နယ် ချောင်းပတ်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ကွန်ကရစ်လမ်းသစ်ပေါ်၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျေးရွာကွန်ကရစ်လမ်းအား တံတားဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စု၊ ချောင်းခွကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းသစ်အား ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ချောင်းပတ်ကျေးရွာ ကွန်ကရစ်လမ်းသစ်၏အရှည်မှာ အလျားပေ ၁၂၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ငွေကျပ်သိန်း ၁၅၀၊ စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်ငွေကျပ်သိန်း ၄၀ ကျော်နှင့် ကျေးရွာပြည်သူလူထုလုပ်အား တန်ဖိုးငွေကျပ်သိန်း ၅၀ ကျော်ဖြစ်ရာ စုစုပေါင်း လမ်းမကြီး၏ကုန်ကျမှုမှာ ငွေကျပ်သိန်း ၂၄၀ ကျော်ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



# သဲကုန်းမြို့နယ်၌ ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာစိုက် တောင်သူများအား မျိုးစေ့ပေးအပ်

**သဲကုန်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် တောင်သူများအား ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (မြို့နယ်စိုက်/ကြပ်ကော်မတီဥက္ကဋ္ဌ) ဦးယဉ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဝင်းက သဲကုန်းမြို့နယ်အတွင်း ၂၀၂၃–၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများအား အထွက်ကောင်းမျိုးများဖြစ်သည့် ဗီယက်နမ်မြေပဲမျိုး၊ TBL-9 မတ်ပဲမျိုး၊ ဆင်းရွှေကြာ-၂ နေကြာမျိုးနှင့် ရေဆင်း-၁၆ ပဲတီစိမ်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးမည့်အစီအစဉ်၊ စိုက်နည်းစနစ်၊ သွင်းအားစုများ ဖြန့်ဖြူးထောက်ပံ့မည့် အစီအစဉ်တို့အား ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်/ကြပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူကိုယ်စားလှယ်များကို သီးနှံမျိုးများ ဖြန့်ဝေထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# နိုင်ငံတော်အစိုးရက အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲအခြေအနေကြောင့် အခက်အခဲကြုံနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်အစိုးရသည် ပြည်ပတွင်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများကို အစဉ်ကြည့်ရှု စောင့်ရှောက်လျက်ရှိပြီး အခက်အခဲများကြုံတွေ့လာပါက ကူညီဆောင်ရွက်ပေးလျက်ရှိရာ အစ္စရေးနိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူနိုင်ရေး နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ခဲ့ရာ၌ အောက်တိုဘာ ၂၆ ရက် ည ၉ နာရီကျော်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသည့် စစ်ပွဲအခြေအနေကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို အောက်တိုဘာ ၂၅ ရက် ညပိုင်းတွင် အစ္စရေးနိုင်ငံ တဲလ်အဗီးမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့ပြီး ဗန်ကောက်မှတစ်ဆင့် ရန်ကုန်မြို့သို့ ည ၈ နာရီ ၁၅ မိနစ်တွင် BM 351 MAI လေကြောင်းလိုင်းဖြင့် လိုက်ပါခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၉ နာရီကျော်တွင် အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့သည်။

အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့မှ ပြန်လည်ရောက်ရှိလာသော ကိုအောင်ကျော်ဦးက "ရုတ်တရက်ကြီး စစ်ဖြစ်တော့ ကျွန်တော်တို့လည်း ကြောက်သွားတယ်။ အိမ်အောက်ထပ်က ဗုံးခိုကျင်းထဲဆင်းပြီး နေကြရတယ်။ ဆက်ပြီးနေထိုင်လို့မရတော့တဲ့ အနေအထားပါ။ အစ္စရေးကို Training Agriculture နဲ့ စိုက်ပျိုးရေးသင်တန်း တက်ရောက်နေတာ လေးနှစ်ကျော်ရှိပါပြီ။ အစ္စရေးနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက ဆက်သွယ်အကြောင်းကြားပေးတဲ့အတွက် ကျွန်တော်တို့အဆက်အသွယ်ရပြီး မြန်မာနိုင်ငံကိုပြန်ဖို့ အမြန်ဆုံးဆောင်ရွက်ပေးခဲ့တာကြောင့် အခုလို အမိနိုင်ငံကို ဘေးအန္တရာယ်ကင်းကင်းနဲ့ စိတ်အေးချမ်းသာစွာ ပြန်လာနိုင်ခဲ့ပါပြီ။

အစ္စရေးလေဆိပ်မှာ မြန်မာနိုင်ငံကို ပြန်ရတော့မယ်ဆိုတဲ့စိတ်က ရင်ခုန်မှုကြီးမားပါတယ်။ ဗန်ကောက်ကိုရောက်တော့ စိတ်ထဲမှာ ၅၀ ရာခိုင်နှုန်းပဲ ပျော်ရွှင်ကြရပြီး ရန်ကုန်လေဆိပ်ကို လေယာဉ်ဆင်းသက်လိုက်တာနဲ့ အမိမြေဆိုတဲ့အသိစိတ်ဟာ ဘယ်လိုခံစားမှုနဲ့မှလဲလို့ မရပါဘူး။ အမိမြေထက်နွေးထွေးလှိုက်လှဲတဲ့နေရာ ဘယ်နေရာမှ မရှိဘူးဆိုတာလည်း သိလိုက်ရပါတယ်။ လာရောက်ကြိုဆိုကြတဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်ကရှမ်းပြည်နယ်ပင်လောင်းကပါ။ ကျွန်တော်တို့ကို အချိန်မီကူညီကယ်ဆယ်ပေးတဲ့ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများအားလုံး၊ အစ္စရေးနိုင်ငံ မြန်မာသံရုံးက သံအမတ်ကြီးနဲ့ တာဝန်ရှိသူအားလုံးကို ရင်ထဲက ဖော်မပြနိုင်အောင် လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။


ကိုအောင်ကျော်ဦး


မလမိုင်မိုင်းရာ


မမိုးသီတာအောင်



မခင်နှင်းအိ

အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ဝမ်းမြောက်ပီတိစကားပြောကြားသည်။

မလမိုင်မိုင်းရာက" အမိနိုင်ငံကိုပြန်ရောက်လာတဲ့အတွက် ဝမ်းသာကြည်နူးမှုဟာ ဘာနဲ့မှလဲလို့မရပါဘူး။ ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။ ကျွန်မက ကချင်ပြည်နယ် တနိုင်းကပါ။ အစ္စရေးကိုရောက်နေတာလေးနှစ်ကျော်ရှိပါပြီ။ တစ်လမ်းလုံး ဘုရားသခင်ထံ ဆုတောင်းခဲ့တာ အခုလိုပြန်လာနိုင်အောင် ကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ သံရုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ မိဘရင်ခွင်ထဲပြန်လည်ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူအားလုံးကို ရင်ထဲမှာပြောမပြတတ်အောင်ကို ကျေးဇူးအထူးတင်ပါတယ်။ ကျေးဇူးကမ္ဘာပါ"ဟု ဝမ်းသာပီတိစကားပြောကြားသည်။

မမိုးသီတာအောင်က "ကျွန်မတို့က မြို့ပေါ်မှာနေတာပါ။ အစ္စရေးနယ်စပ်မှာတော့ တိုက်ပွဲသံတွေကြားနေရတယ်။ အခုလိုမထင်မှတ်ဘဲဖြစ်လာတော့ ကိုယ့်နိုင်ငံကိုပဲ ပြန်ချင်တယ်။ သံရုံးကပြန်မယ့်သူတွေကို ပို့ပေးဖို့ အကြောင်းကြားပေးတဲ့အတွက် ဝမ်းပန်းတသာနဲ့ ပြန်ခွင့်ရခဲ့တာပါ။ စိတ်ရှည်စွာနဲ့ ကူညီပေးခဲ့တဲ့သံရုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မကရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာနေပါတယ်။ မိသားစုနဲ့ အခုလိုပြန်ဆုံခွင့်ရအောင် ကူညီဆောင်ရွက်ပေးတဲ့အတွက် ဖော်မပြနိုင်အောင် ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ရင်တွင်းပီတိစကား ပြောကြားသည်။

မခင်နှင်းအိက "တိုက်ပွဲဖြစ်တဲ့အသံကို တဲလ်အဗီးက နေ့တိုင်းကြားနေရတယ်။ ကျွန်မတို့နေတာ လေးနှစ်ရှိပြီ။ အခုလိုမကြုံဖူးဘူး။ အခြားပြည်ပနိုင်ငံသားတွေလည်း ပြန်ကြတာရှိတယ်။ မြန်မာနိုင်ငံသားအချို့လည်းရှိတယ်။ တိုက်ပွဲသံကြားကတည်းက အမိနိုင်ငံကို ပြန်ချင်နေတာပါ။ တစ်နေ့တစ်နေ့ဘာဖြစ်လာမလဲဆိုပြီး တွေးနေရတာလည်း ပင်ပန်းတယ်။ ကျွန်မက သာယာဝတီမှာ နေပါတယ်။ အိမ်ကိုလွမ်းတယ်၊ သတိရတယ်။ မြန်မာသံရုံးက အကြောင်းကြားစာရတော့ အတိုင်းမသိဝမ်းသာသွားတယ်။ အစ္စရေးလေဆိပ်မှာ လေယာဉ်မထွက်မီနဲ့ လေထဲရောက်သွားချိန်ဟာ အကြာဆုံးအချိန်ပါပဲ။ ဗန်ကောက်ကိုရောက်မှပဲ စိတ်နည်းနည်းအေးချမ်းသွားပါတယ်။ ရန်ကုန်လေဆိပ်ကိုရောက်တော့ ရင်ထဲဝမ်းနည်းဝမ်းသာဖြစ်ရတယ်။ စိုးရိမ်စိတ်နဲ့နေခဲ့ရတဲ့ နေ့စဉ်ဝမ်းနည်းမှုဟာ အမိမြေကို ခြေချခွင့်ရလိုက်တာနဲ့ ဝမ်းသာပျော်ရွှင်မှုရဲ့ စွမ်းအားဟာ ဘာနဲ့မှလဲလို့မရပါဘူး။ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိအောင် ကူညီပို့ဆောင်ပေးကြတဲ့ လူကြီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ပါတယ်"ဟု ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အစ္စရေးနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံသားတို့၏ မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း - ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ မောင်သီဟ**

# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၉၉၉ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အုပ်စု(C)မှ ကျောက်စိမ်းအသားကျောက် ၁၀၀၀ ကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၉၉၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ထို့နောက် ပြပွဲနောက်ဆုံးနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအသားကျောက် ၇၉၂ တွဲကို ပြည်တွင်း ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

**ကြေညာသွားမည်**

ယင်း ကျောက်စိမ်းအတွဲပေါင်း ၇၉၂ တွဲ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၇၀၂ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ကျောက်စိမ်းအတွဲ ၆၀၁ တွဲကိုလည်းကောင်း၊ ပြပွဲသတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၆၂၃ တွဲနှင့် ပြပွဲအဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၉၉၉ တွဲကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲပေါင်း ၇၉၂ တွဲကို ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ညောင်လေးပင် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပခြင်းနှင့် ဆောင်းဆီထွက်သီးနှံမြေပဲ(ဗီယက်နမ်)မျိုးအား ဖြန့်ဖြူးပေးအပ်ခြင်းကို အောက်တိုဘာ ၂၆ ရက်က ကွင်းအမှတ် (၃၄၆-က) ကမာဖရုံတောင်ကွင်း ဦးပိုင်အမှတ်(၂၄)ရှိ တောင်သူ ဦးသန်းလှိုင်၏ လယ်မြေတွင် စိုက်ပျိုးထားသော မိုးစပါးဆင်းသုခ (RS To CS)မျိုးစေ့ထုတ် စိုက်ခင်း ၁၇ ဧကတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ကြပ်အဖွဲ့များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် တောင်သူများထဲမှ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများအား ဒေသနှင့် ကိုက်ညီပြီး အထွက်ကောင်းမျိုးကောင်းမျိုးသန့် (ဗီယက်နမ်)မြေပဲမျိုးများအား ဖြန့်ဖြူးပေးအပ်ခဲ့ကြသည်။ စံကွက်ရိတ်သိမ်းရာတွင် မိုးစပါး ဆင်းသုခစပါးခင်းတွင် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ပြီး တစ်ဧကအထွက်တင်း ၁၁၀ ဒသမ ၇၀ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ဒီလို ပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့အတွက် မြန်မာနိုင်ငံရဲ့ အနုသုခုမပညာရပ်တွေလည်း တိမ်မြုပ်ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်တံ့နေမယ်

ဒေါ်နုနုခင်

အနုသုခုမပညာသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုင်ရာ အရေးပါလှသော ကဏ္ဍကြီးတစ်ရပ်ဖြစ်သည်။ မြန်မာ့အနုသုခုမပညာသည် သမိုင်းစဉ် ခေတ်အလိုက် တိုးတက်ထွန်းကားလာသည့်နှင့်အမျှ တစ်ခေတ်ပြီးတစ်ခေတ် အပြောင်းအလဲတွင် ပျောက်ကွယ်တိမ်မြုပ်သွားကြသည်လည်း အများအပြားရှိခဲ့သည်။ ခေတ်အသီးသီးအလိုက် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သော ရိုးရာပန်းအတတ်ပညာများ၊ အနုသုခုမပညာရပ်များ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ တိမ်ကောပပျောက်မသွားစေရန်အတွက် မျိုးဆက်သစ်လူငယ်များတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထုတ်ဖော်၍ လက်ဆင့်ကမ်းထိန်းသိမ်းကြလျက် အစဉ်တည်တံ့နိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပခဲ့သည်မှာ (၂၄)ကြိမ်ရှိခဲ့ပြီဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်တွင်(ဗဟိုအဆင့်) သတ်မှတ်နေရာအသီးသီး၌ ယှဉ်ပြိုင်ခဲ့သည့် ကဏ္ဍအလိုက် တာဝန်ယူရသူများ၊ အုပ်ချုပ်သူနည်းပြများ၊ ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဒေါ်နုနုခင်**
**အကပြိုင်ပွဲ အကဲဖြတ်ပညာရှင်**

အနုပညာကို ငယ်စဉ်ကတည်းက ဝါသနာပါခဲ့လို့ ပင်စင်ယူပြီးချိန်အထိ ဆက်လက်တာဝန်ထမ်းဆောင် နေတာဖြစ်ပါတယ်။ ကျွန်မက ဝါသနာလည်းကြီးတယ်။ လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်ခဲ့တာကြောင့် တပည့်တွေထဲမှာ တချို့ဆိုရင် ပါမောက္ခတွေ၊ နည်းပြတွေဖြစ်နေပါပြီ။ အခုပြိုင်ပွဲမှာဆိုရင် အမှတ်ပေးဖို့ ခက်လောက်အောင်ကို အကပြိုင်ပွဲဝင် ကလေးတွေရဲ့ အရည်အချင်းက တိုးတက်လာပါတယ်။ ကလေးတွေရဲ့ကြိုးစားမှုကလည်း အံ့မခန်းပါပဲ။ ဒီကနေ့ ပြိုင်ပွဲမှာ ပူးတွဲရှိရင် ပေးပေးပါလို့တောင် အကြံပေးစာမှာ ရေးပေးခဲ့ပါတယ်။ တကယ်လည်းတော်လို့ အဲဒီလို ပြောခြင်းဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့အတွက် မြန်မာနိုင်ငံရဲ့ အနုသုခုမ ပညာရပ်တွေလည်း တိမ်မြုပ်ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်တံ့နေမယ်။ ဒီနှစ်ပြိုင်ပွဲမှာ အကပြိုင်ပွဲဝင်တွေရဲ့ အရည်အချင်းကို တော်တော်လေး ချီးကျူးပါတယ်။ အကပြိုင်ပွဲမှာဆိုရင် ပြိုင်ပွဲဝင် အရေအတွက်တွေ တစ်စတစ်စပိုပြီး တိုးတက်လာတာကိုလည်း တွေ့ရပါတယ်။ အရင်တုန်းကတော့ ပြိုင်ပွဲဝင်များပေမယ့် အရည်အချင်းပိုင်း နည်းတယ်။ အခုပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်များသလို အရည်အသွေးပိုင်းမှာ အတော်လေး ကောင်းတာကို တွေ့ရပါတယ်။

**ဒေါ်ခိုင်မို့မို့**
**ကြိုးကြပ်သူ**
**စစ်ကိုင်းတိုင်းဒေသကြီး**

ကျွန်မတို့တိုင်းဒေသကြီး အနေနဲ့ အခု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ဘာသာရပ် ၉၃ ခုကို ပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။ ကိုယ်တိုင်ကလည်း အနုပညာစိတ်ဓာတ်ရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို အလေးထားတာကြောင့် အခုပြိုင်ပွဲမှာ ကြီးကြပ်သူအနေနဲ့ တာဝန်ပေးတာကို ကျေကျေနပ်နပ်နဲ့ လက်ခံခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေရဲ့ လိုအပ်ချက်တွေအားလုံးကိုလည်း တတ်နိုင်သမျှ အဆင်ပြေအောင် ဆောင်ရွက်ပေးရပါတယ်။ မျိုးဆက်သစ် အနုပညာရှင်တွေ ပေါ်ပေါက်လာအောင် ပူးပေါင်းဆောင်ရွက်ပေးရတာလို့ပဲ ယူဆပါတယ်။ တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်တွေ အခုပြိုင်ပွဲမှာ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ပွဲဝင်တွေနဲ့အတူ အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့လည်း လေ့ကျင့်မှုတွေအချိန်ယူပြီး ပြုလုပ်ခဲ့ပါတယ်။

**မောင်ဇင်ကိုခန့်**
**ဝါသနာရှင် ဒုတိယတန်းအဆင့်**
**ရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင်**
**ချင်းပြည်နယ်**

ရုပ်သေးကြိုးဆွဲ ပညာရပ်ကို ယဉ်ကျေးမှုတက္ကသိုလ်ကို စတက်တဲ့နှစ်ကတည်းက လေ့လာဆည်းပူးခဲ့တာပါ။ ရုပ်သေးပြိုင်ပွဲမှာ အကြိုက်ဆုံးက မင်းသမီးရုပ်ပါ။ ခုန်ပျံကျော်လွှားနဲ့ စာရင်အယဉ်ပိုင်းကိုကြိုက်လို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဇော်ကျတော့ ကျွမ်းပစ်တာတွေရှိတယ်။ မင်းသမီးကျတော့ ထဘီနဲ့ ပဝါကောက်တာတို့ကို ကြိုက်လို့ ရွေးလိုက်တာပါ။ ရုပ်သေးနဲ့ပတ်သက်ပြီး ပြောရရင် လက်ရှိအချိန်မှာ ပျောက်ကွယ်လုနီးပါးရှိနေပြီ ဖြစ်တာကြောင့် အသက် အငယ်ပိုင်းတွေအနေနဲ့ ထိန်းသိမ်းသင့်တယ်လို့ ထင်ပါတယ်။ အဲ့ဒါကြောင့်လည်း ယခု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ ရုပ်သေးပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာအဖြစ် လုပ်ကိုင်စားသောက်သူလည်း မရှိသလောက်ဖြစ်နေပါပြီ။ ရုပ်သေးပညာကို အတော်လေး ထိန်းသိမ်းမှ ဆက်လက်ရှိနေမယ့် အနေထားလို့ထင်ပါတယ်။ ကျွန်တော်တို့ ဝါသနာရှင် ဒုတိယတန်းအဆင့် ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲမှာဆိုရင် ပြိုင်ပွဲဝင် ၁၂ ယောက်ရှိပြီး အားလုံးက အဆင့်အတန်းမီမီနဲ့ ကြိုးစား ယှဉ်ပြိုင်ကြတာတွေ့ရပါတယ်။ ဒီပြိုင်ပွဲမှာ မင်းသားရော၊ မင်းသမီးရော နှစ်ရုပ်စလုံးနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကတော့ မင်းသား၊ မင်းသမီး၊ ဇော်ဂျီဆိုပြီး သုံးမျိုးယှဉ်ပြိုင်ရပါတယ်။ ဒီနှစ်ကတော့ ဇော်ဂျီတစ်မျိုး လျော့သွားပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေ ကျင်းပပေးတာနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။


ဒေါ်နုနုခင်


ဒေါ်ခိုင်မို့မို့


မောင်ဇင်ကိုခန့်


မောင်အောင်နိုင်စိုး


မသင်ဇာအောင်

**ကိုအောင်နိုင်စိုး(ခ)ကိုပြည်ချစ်**
**ဝါသနာရှင်ပထမတန်း**
**တနင်္သာရီတိုင်းဒေသကြီး**

မယ်ဒလင်ကို အသက်ခုနစ်နှစ်သားလောက်ကတည်းက တီးလာတာပါ။ ဆုတံဆိပ်တွေကတော့ အရင်တုန်းကတည်းက ရရှိခဲ့ဖူးပါတယ်။ စုစုပေါင်း ရွှေတံဆိပ်ဆု ၃၈ ဆုရရှိခဲ့ပါပြီ။ လက်ရှိဆရာကတော့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်က ဆရာဦးကျော်အေးဖြစ်ပါတယ်။ မယ်ဒလင်နဲ့ စောင်း နှစ်ခုစလုံးကို သင်ပေးတာဖြစ်ပါတယ်။ လက်ရှိကျင်းပနေတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာတော့ မယ်ဒလင်၊ စောင်းပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင် ဖြစ်ပါတယ်။ ဒါ့ပြင် မဟာဂီတအဆိုပြိုင်ပွဲတွေမှာ စောင်းနဲ့ ပံ့ပိုးပြီး တီးပေးပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ဖြစ်တာကတော့ နဝမအကြိမ်ကတည်းကပါ။ တက္ကသိုလ်ဝင်တန်းတက်တုန်းကပဲ နားပြီးတော့ ပြိုင်ပွဲတိုင်းနီးပါး ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ပါတယ်။ လက်ရှိလည်း ရန်ကုန်အနုပညာကျောင်းမှာ စောင်းနည်းပြအဖြစ် တာဝန်ယူနေပါတယ်။ ကြိုးတပ်တူရိယာတွေဖြစ်တဲ့ စောင်း၊ မယ်ဒလင်၊ ဂစ်တာ၊ တယော စတဲ့ပြိုင်ပွဲတွေမှာ နည်းပြအနေနဲ့ သင်ကြားပေးနေပါတယ်။ မဟာဂီတကတော့ ဒီပြိုင်ပွဲမှာ တီးရ၊ ဆိုရတာများတယ်။ ဒီပြိုင်ပွဲ ပေါ်လာခြင်းက မဟာဂီတသီချင်းကို ထိန်းသိမ်းရာရောက်တယ်။ ဖော်ထုတ်ရာရောက်တယ်လို့ ထင်ပါတယ်။ ကလေးငယ်တွေကို မဟာဂီတကို စိတ်ဝင်စားလာအောင် လုပ်နိုင်တဲ့အတွက်လည်း ဂုဏ်ယူစရာကောင်းပါတယ်။ မြန်မာ့ရိုးရာအမွေအနှစ်တွေ ဖြစ်တဲ့အတွက် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးဖို့ လိုအပ်ပါတယ်။ မျိုးဆက်သစ်တွေ မဟာဂီတအပေါ် စိတ်ဝင်စားလာတာလည်း အားရစရာ ကောင်းပါတယ်။ ဒီပြိုင်ပွဲကြီးရဲ့ အကျိုးရလဒ်တစ်ခုလို့လည်း ပြောလိုပါတယ်။ တချို့ကလေးတွေဆိုရင် စကားမပီပေမယ့် မဟာဂီတကို လာပြိုင်ကြတယ် ဆိုတာကကိုပဲ စိတ်ဝင်စားစရာတစ်ခုလို့ ပြောလိုပါတယ်။

**မသင်ဇာအောင်**
**ဝါသနာရှင်ဒုတိယတန်း**
**အကပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီး**

အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာ ၁၅ နှစ်လောက်ရှိပါပြီ။ တိုင်းဒေသကြီးအဆင့်မှာတော့ ဆုတွေရရှိခဲ့ဖူးပါတယ်။ အခုလို ဗဟိုအဆင့်ပြိုင်ပွဲတွေမှာတော့ ဆုမရဖူးသေးပါဘူး။ အခုဗဟိုအဆင့် ပြိုင်ပွဲမှာ အကောင်းဆုံးရလဒ်ရဖို့ မျှော်မှန်းထားပါတယ်။ ပြိုင်ပွဲမှာ ဝင်ပြိုင်နိုင်ဖို့ တစ်လကျော်ကျော်လောက်ကို နေ့ရောညပါလေ့ကျင့်ခဲ့ရပါတယ်။ အကပညာကို ဝါသနာပါသလို အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ ပါဝင်ယှဉ်ပြိုင်ရတာကို နှစ်သက်တာက အပြင်မှာ အငြိမ့်ကတာတွေထက် ပိုပြီးစနစ်ကျတဲ့အတွက် ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးလို့ အတွေ့အကြုံတွေ အများကြီးရတယ်။ ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

ယနေ့ မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အားလျော်စွာ တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် ဖျော်ဖြေမှုပုံစံအမျိုးမျိုးတို့သည် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်အတွင်း စိမ့်ဝင်လျက်ရှိနေသည်ကို တွေ့ရပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုး ထိန်းသိမ်းကြမည့် ဂုဏ်ပြုထိုက်ဖွယ် မျိုးဆက်သစ် အနုပညာရှင်များ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ နေမျိုး**
**ဓာတ်ပုံ - ကိုကိုနေ**

---

## မိုင်းပန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မိုင်းပန် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အားကစားကွင်း၌ ယမန်နေ့ ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဟန်ဇော်မြင့်က ဘောလုံးပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားအက၊ Fitness Dance နှင့် တိုင်းရင်းသားအကများဖြင့် ကပြဖျော်ဖြေကြရာ မိုင်းပန်မြို့နယ် အမှတ်(၁၇)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးတင်မင်းလတ်၊ ဒုတိယဗိုလ်မှူးကြီးဇော်လင်း၊ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အကအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကွင်းအတွင်း ဘောလုံးကန်သွင်းပေးခြင်းဖြင့် ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့ရာ ပထမဆုံးပွဲစဉ်အဖြစ် ရွာသစ်ရပ်ကွက်နှင့် အရှေ့/အလယ်ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်(၆/၂၀၂၃)

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ သောကြာနေ့**

၁။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရန် ကြိုးပမ်းနေချိန်တွင် တိုင်းပြည်အတွင်း မငြိမ်မသက်ဖြစ်စေရန်နှင့် ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် လက်နက်ကိုင်သောင်းကျန်းသူအချို့က ယနေ့(၂၇-၁၀-၂၀၂၃) ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ နေရာအချို့ကို တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ပြီး အပြစ်မဲ့ပြည်သူအချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရပါသည်။

၂။ အေးချမ်းစွာနေထိုင်လိုသော အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေလိုသောရည်ရွယ်ချက်ဖြင့် တိုင်းပြည်အထိနာစေရန် ဆောင်ရွက်နေသော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်**

ယနေ့(၂၇.၁၀.၂၀၂၃) ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ နေရာအချို့ကို တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး အပြစ်မဲ့ပြည်သူအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်**

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်နှင့်အနီးတစ်ဝိုက်၌ ၂၇-၁၀-၂၀၂၃ ယနေ့နံနက်ပိုင်းတွင် သောင်းကျန်းသူများက အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ပြီး အရပ်သားများအား ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

၂။ ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် အပြစ်မဲ့ပြည်သူများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ သောကြာနေ့**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ယခုအချိန်တွင် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန် ကြိုးပမ်းနေချိန်ဖြစ်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုလိုအချိန်တွင် ပြည်တွင်းမငြိမ်မသက်ဖြစ်စေရန်နှင့် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်သောင်းကျန်းသူအချို့သည် ယနေ့ ၂၇-၁၀-၂၀၂၃ ရက် သောကြာနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမြို့နယ်များရှိ နေရာအချို့ကို တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ပြီး အပြစ်မဲ့ပြည်သူအချို့အား အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြကြောင်း သိရှိရပါသည်။

၂။ ယခုဖြစ်စဉ်ကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံနစ်နာစေရန် ရည်ရွယ်ဆောင်ရွက်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ နံနက်ခင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်ဒေသကိုတိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် လက်နက်ကိုင်သောင်းကျန်းသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ရွှေဘိုမြို့၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရွှေဘို အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ရွှေဘိုမြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအား အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ရွှေဘိုခရိုင်ငါးလုပ်ငန်း ဦးစီးဌာနရှိ ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

ပညာပေး ဟောပြောပွဲတွင် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သင်းသင်းဦးက အယ်လ်နီညိုကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးများပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ငါးမွေးမြူသူများအနေဖြင့် မိမိတို့၏ ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုများ မဖြစ်ပေါ်စေရေး စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး ငါးထုတ်လုပ်မှု လျော့နည်းကျဆင်းမှု မရှိစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဌာနမှပံ့ပိုးကူညီမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

**သတင်းစဉ်**

## မိုးစပါးစံကွက်ရိတ်သိမ်းနေမှုများနှင့် ဆောင်းသီးနှံ နေကြာမျိုးစေ့ပေးအပ်ပွဲ တက်ရောက်



**ပုသိမ် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာ၌ပြုလုပ်သည့် မိုးစပါးရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာတွင် ပြုလုပ်သည့် ဆောင်းသီးနှံနေကြာမျိုးစေ့ ပေးအပ်ပွဲ အခမ်းအနား တက်ရောက်၍ နေကြာမျိုးစေ့များ ပေးအပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာရှိ တောင်သူဒေါ်ရွှေလှ၏ လယ်နှစ်ဧကတွင် ပြုလုပ်သည့် ဆင်းသုခမျိုးစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြခရိုင် အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာတွင် ပြုလုပ်သည့် ဆောင်းသီးနှံနေကြာမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများကို စပါးစိုက်ပျိုးခြင်းအတွက် ထိခိုက်စေခြင်း မရှိစေဘဲ တိုးချဲ့ဆောင်ရွက်စိုက်ပျိုးစေခြင်းလည်း ဖြစ်ကြောင်း၊ မြေပဲ၊ နှမ်းများစိုက်ပျိုးခြင်းများအပြင် နေကြာစိုက်ပျိုးခြင်းကိုလည်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ဆီဖူလုံရေးအတွက် တောင်သူများအပါအဝင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး တောင်သူများထံသို့ ရေဆင်း-၁ နှင့် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဂါဇာဒေသတွင် လေကြောင်းတိုက်ခိုက်မှုများရပ်စဲရေး အမေရိကန်တောင်းဆို



ဝါရှင်တန် အောက်တိုဘာ ၂၇

လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဂါဇာဒေသခံများရရှိရေးအတွက် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် အမေရိကန်တာဝန်ရှိသူများက တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း သေဆုံးသူအရေအတွက်မှာ ၅၈၀၀ အထိရှိခဲ့ပြီး ၎င်းတို့အနက် ၄၀ ရာခိုင်နှုန်းမှာ ကလေးငယ်များဖြစ်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် ဟားမတ်စ်အဖွဲ့၏ ဒုံးကျည်များကြောင့် အစ္စရေးနိုင်ငံသား ၁၄၀၀ သေဆုံးခဲ့ပြီး ၂၂၀ ကို ဓားစာခံများအဖြစ် ဟားမတ်စ်က ဖမ်းဆီးထားသည်။ ဂါဇာဒေသတွင်လူသားချင်းစာနာထောက်ထားမှုအကူအညီများရရှိရေးအတွက် တိုက်ခိုက်မှုများခေတ္တရပ်ဆိုင်းထားရန် တာဝန်ရှိသူများအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က ပန်ကြားခဲ့သည်။ အရပ်သားများဘေးကင်းရန်အတွက် တိုက်ခိုက်မှုများ ခေတ္တရပ်စဲရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

မိမိတို့သည် အရပ်သားများ ဘေးကင်းရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဗီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**




# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း လီခချန်း ကွယ်လွန်

ပေကျင်း အောက်တိုဘာ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း လီခချန်း ယနေ့ကွယ်လွန်ခဲ့ကြောင်း သိရသည်။

အသက် ၆၈ နှစ်ရှိပြီဖြစ်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ဟောင်း လီခချန်းသည် အောက်တိုဘာ ၂၇ ရက်တွင် ရှန်ဟိုင်းမြို့၌ ကွယ်လွန်ခဲ့သည်။

လီခချန်းသည် အောက်တိုဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက်အစောပိုင်းတွင် ရုတ်တရက် နှလုံးဖောက်ပြီး ကွယ်လွန်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သော နာရေးကြော်ငြာအရ သိရသည်။

လီသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်တစ်ဦး ဖြစ်သည့်အပြင် သစ္စာရှိသော ကွန်မြူနစ်စစ်သားတစ်ဦးနှင့် ပြောင်မြောက်သော တော်လှန်ရေးသမား၊ နိုင်ငံ့ဝန်ထမ်း၊ ပါတီနှင့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုခံရကြောင်း သိရသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ၊ နိုင်ငံတော်ကောင်စီနှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီတို့က ၎င်း၏ နာရေးကြော်ငြာကို ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ မိန်းပြည်နယ် လူဝစ္စတန်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၂၂ ဦးထက်မနည်း သေဆုံး

ဝါရှင်တန် အောက်တိုဘာ ၂၇

အမေရိကန်နိုင်ငံ မိန်းပြည်နယ် လူဝစ္စတန်မြို့၌ ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ၂၂ ဦးထက်မနည်း သေဆုံးပြီး ပြည်သူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုကြောင့် ဘိုးလင်းကစားရုံတစ်ခု အပါအဝင် နေရာအများအပြား၌ ပြည်သူ ၆၀ နီးပါး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တရားရေးတာဝန်ရှိသူများက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို လူဝစ္စတန်မြို့ရှိ Central Maine ဆေးဘက်ဆိုင်ရာစင်တာသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

လူဝစ္စတန်နှင့် အူဘန်မြို့တို့၌ သေနတ်ပစ်ခတ်မှုကျူးလွန်သူ သေနတ်သမားတစ်ဦး ထွက်ပြေးလွတ်မြောက်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများကို နေအိမ်ပြင်ပသို့မထွက်ဘဲ မိမိတို့၏နေအိမ်များတွင်သာ သတိရှိစွာဖြင့် နေထိုင်ကြရန် ဒေသခံအာဏာပိုင်များက တိုက်တွန်းပြောကြားသည်။

ရဲအရာရှိများက သေနတ်သမားကို လိုက်လံရှာဖွေနေဆဲဖြစ်ပြီး ၎င်း၏ ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသည့် ဓာတ်ပုံများကို အများပြည်သူဆိုင်ရာ နေရာများ၌ ကပ်ထားကြောင်း သိရသည်။ သေနတ်သမားကို ဖမ်းဆီးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန် အာဏာပိုင်များက ပြည်သူများကို အကူအညီတောင်းခံထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ ရှန်ကျိုး-၁၇ အာကာသယာဉ်မှ ယာဉ်မှူးများ အာကာသစခန်းသို့ ဝင်ရောက်

ပေကျင်း အောက်တိုဘာ ၂၇



တရုတ်နိုင်ငံ ရှန်ကျိုး-၁၇ အာကာသယာဉ်ရှိ အာကာသယာဉ်မှူး သုံးဦးသည် တရုတ်နိုင်ငံ၏ အာကာသစခန်းသို့ ဝင်ရောက်ကာ ရှန်ကျိုး-၁၆ မှ အာကာသယာဉ်မှူး သုံးဦးနှင့် အောက်တိုဘာ ၂၆ ရက်တွင် တွေ့ဆုံခဲ့ပြီး ပတ်လမ်းအတွင်း တာဝန်လွှဲပြောင်းမှု အစီအစဉ်ကို စတင်ခဲ့သည်။

ရှန်ကျိုး-၁၆ မှ အမှုထမ်းများသည် ပေကျင်းစံတော်ချိန် ည ၇ နာရီ ၃၄ မိနစ်တွင် အာကာသယာဉ်၏ဝင်ပေါက်ကို ဖွင့်လှစ်ခဲ့ပြီး ရှန်ကျိုး-၁၆နှင့် ရှန်ကျိုး-၁၇ မှ ယာဉ်မှူးများ အတူတကွ ဓာတ်ပုံရိုက်ခဲ့ကြသည်။

အာကာသယာဉ်မှူး ခြောက်ဦးသည် စီစဉ်ထားသည့် လုပ်ငန်းတာဝန်များကို ပြီးမြောက်စေရန်နှင့် လွှဲပြောင်းပေးသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် လေးရက်ခန့်နေထိုင်ပြီး အတူတကွ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်အာကာသ အေဂျင်စီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူဖြစ်လာ

ဖနောင်ပင် အောက်တိုဘာ ၂၇

တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် ဆယ်စုနှစ်တစ်ခုကြာ သက်တမ်းရှိ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် အထောက်အကူဖြစ်လာကြောင်း ကမ္ဘောဒီးယား ပညာရှင်များက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်တစ်ခုမျှသာ မဟုတ်ဘဲ စီးပွားရေးတိုးတက်မှုနှင့် သာယာဝပြောရေးအတွက် အထောက်အကူဖြစ်စေကြောင်း ကမ္ဘောဒီးယား ၂၁ ရာစု ရေကြောင်းပိုးလမ်းမ သုတေသနစင်တာမှ ဒါရိုက်တာ နီချန်ဒါရက်က မှတ်ချက်ပြုပြောကြားခဲ့သည်။ ကမ္ဘောဒီးယား နိုင်ငံတကာဆက်ဆံရေးအင်စတီကျူမှကျင်းပသော ဒုတိယအကြိမ် ဖနောင်ပင်ဖိုရမ်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် စီးပွားရေးတိုးတက်မှု၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူဖြစ်စေသည်ဟု ၎င်းက ပြောကြားခဲ့သည်။ “ဒါဟာ ပိုမိုကောင်းမွန်တဲ့ ချိတ်ဆက်ကမ္ဘာတစ်ခုအတွက် မျှော်မှန်းချက်တစ်ခုပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

BRI သည် အခြေခံအဆောက်အအုံဆိုင်ရာ ပရောဂျက်တစ်ခုမျှသာမက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုနှင့် မျှဝေမျှော်မှန်းချက်များ၏ စွမ်းအားများကို သက်သေပြချက်တစ်ခုဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ “စီးပွားရေးတိုးတက်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ယခုစီမံကိန်းအရ ဖော်ဆောင်ခဲ့တာပါ”ဟု ၎င်းက ပြောသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# လာအိုနိုင်ငံ၌ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဆောင်ရွက်

ဗီယင်ကျန်း အောက်တိုဘာ ၂၇

လာအိုတာဝန်ရှိသူများသည် ပြင်းထန်သော လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို ဆွေးနွေးခဲ့ပြီး သီးနှံသစ်မစိုက်ပျိုးမီ လယ်မြေများ မီးရှို့ခြင်းနှင့် နှစ်စပိုင်းတွင် ဖြစ်ပွားလေ့ရှိသည့် ပြင်းထန်သော လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

လာအိုနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်သည့် အစီရင်ခံစာအရ ဖွန်ဆလီ၊ ဇယာဘူရီ၊ ဗီယင်ကျန်း၊ ဆာလဗန်၊ ဘိုလိခမ်ဆေးနှင့် လာအိုမြို့တော် ဗီယင်ကျန်းတို့မှ အာဏာပိုင်များသည် လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သော ပြဿနာများနှင့် ပြည်သူများ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုများကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် မီးခိုးမြူများ၏ ပြဿနာများနှင့် သက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုဆိုင်ရာ သုတေသနရလဒ်များကို ခြုံငုံသုံးသပ်ပြီး လေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် ကြိုတင်ပြင်ဆင်ရန်အတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် အခြားလုပ်ဆောင်မှုများကို ဆွေးနွေးခဲ့သည်။

ယခုအစည်းအဝေးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် သုတေသနဌာနနှင့် လာအိုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနတို့က ပူးတွဲလက်ခံကျင်းပခဲ့သည်။ တောမီးလောင်ကျွမ်းမှုနှင့် အိမ်ထောင်စုများမှ အမှိုက်မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်သော မီးခိုးမြူများကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုးကျိုးများကို ပိုမိုနားလည်သဘောပေါက်ကြောင်းနှင့် လယ်သမားများသည် စိုက်ပျိုးမြေများကို ရက်ပေါင်းများစွာ ဆက်တိုက်မီးရှို့ကြသဖြင့် သီတင်းပတ်ပေါင်းများစွာ လေထုထဲတွင် မီးခိုးငွေ့များ တည်ရှိနေသဖြင့် ကျန်းမာရေးအရ ဆိုးကျိုးများရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းအစည်းအဝေးတွင် လေထုညစ်ညမ်းမှု၏ ရေတိုနှင့် ရေရှည် သက်ရောက်မှုများအကြောင်း ပြည်သူများအား အသိပေးခြင်းအပါအဝင် တောမီးများကို ကြိုတင်ကာကွယ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို ရှာဖွေရေးအတွက် တာဝန်ရှိသူများ သဘောတူညီခဲ့ကြသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# အွန်လိုင်းမှတစ်ဆင့်ငွေကြေးလိမ်လည်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူ


**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများပြုလုပ်နိုင်ရန် ရန်ကုန်မြို့တွင် အခြေပြု၍ ပြည်ပနိုင်ငံသားများ၏ အချက်အလက်များ ရှာဖွေစုဆောင်းကာ တစ်ဖက်လိမ်လည်သူများထံသို့ ပေးပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာ တိုက်အမှတ်(S-19)တွင် ရုံးခန်းဖွင့်လှစ်ထားသည့် Supportfix Co.,Ltd အား သတင်းအရ လုံခြုံရေးအဖွဲ့အစည်းများက ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ ဇူကျန်း(ခ) လောက်ဖ ၃၄ နှစ် (ဘ) ဦးလောက်ရှီးအပါအဝင် တရားခံ ကျား ၆၆ ဦး၊ မ ၂၂ ဦး စုစုပေါင်း ၈၈ ဦးတို့ကို ပြည်ပနိုင်ငံသားများ၏ အချက်အလက်များစုဆောင်း၍ ငွေကြေးလိမ်လည်နိုင်ရေး ဆောင်ရွက်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ၊ မိုဘိုင်းဖုန်း စသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တရားခံ ဇူကျန်း(ခ)လောက်ဖ၏ ထွက်ဆိုချက်အရ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် လှိုင်မြစ်လမ်းရှိ Spring Line ကွန်ဒို ငါးလွှာ အခန်း(၅၀၁)သို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ ကျန်းယွီ (၃၀)နှစ် (ဘ) ကျော်ရုံရှန်းအပါအဝင်ကျား ငါးဦး၊ မ နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့ကို ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖော်ထုတ်ရရှိချက်များအရ Supportfix Co.,Ltd အတွက် ဝန်ထမ်းများရှာဖွေပေးသူ ကမာရွတ်မြို့နယ် နာနတ်တောလမ်း Dimond Condo ခုနစ်လွှာနေ Zhan Tu Co.,Ltd ပိုင်ရှင် ရန်လုံရှင်းအား သွားရောက်ရှာဖွေခဲ့ရာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ရုံးခန်းဖွင့်လှစ်ထားသည့် ကမာရွတ်မြို့နယ် Time City Office Tower(3) (၁၅)လွှာ အခန်းအမှတ်(၁၅၀၂)အား ဆက်လက်ရှာဖွေချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၁၅ သို့** ❖





Team (A) တွင် ပါဝင်သော ဝန်ထမ်း ၁၂ ဦး၏ မှတ်တမ်းဓာတ်ပုံ။


Team (B) တွင် ပါဝင်သော ဝန်ထမ်း ၁၁ ဦး၏ မှတ်တမ်းဓာတ်ပုံ။


Team (C) တွင် ပါဝင်သော ဝန်ထမ်း ၁၃ ဦး၏ မှတ်တမ်းဓာတ်ပုံ။


Team (D) တွင် ပါဝင်သော ဝန်ထမ်း ၁၁ ဦး၏ မှတ်တမ်းဓာတ်ပုံ။


Team (E) တွင် ပါဝင်သော ဝန်ထမ်း ၁၁ ဦး၏ မှတ်တမ်းဓာတ်ပုံ။


Team (F) တွင် ပါဝင်သော ဝန်ထမ်း ကိုးဦး၏ မှတ်တမ်းဓာတ်ပုံ။

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ လွန်ချမ်းသာ



Supportfix Co.,Ltd ရုံးခန်းမှ သိမ်းဆည်းရမိသည့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



Spring Line ကွန်ဒိုမှ သိမ်းဆည်းရမိသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



Spring Line ကွန်ဒိုမှ သိမ်းဆည်းရမိသည့် လက်ကိုင်ဖုန်းများ မှတ်တမ်းဓာတ်ပုံ။



Team Training တွင် ပါဝင်သော ဝန်ထမ်းငါးဦး၏ မှတ်တမ်းဓာတ်ပုံ။



Team Arfu တွင် ပါဝင်သော ဝန်ထမ်းငါးဦး၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



ရုံးအဖွဲ့ဝန်ထမ်းငါးဦး၏ မှတ်တမ်းဓာတ်ပုံ။

❖ စာမျက်နှာ ၁၄ မှ

စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါအဖွဲ့များအနေဖြင့် ပြည်ပနိုင်ငံသားများထံမှ ငွေကြေးများ လိမ်လည်ရယူနိုင်ရန်အတွက် ပစ်မှတ်များရှာဖွေစုဆောင်းခြင်း၊ ရရှိသည့်ပစ်မှတ်များ၏ ကိုယ်ရေးအချက်အလက်များရယူရန်အတွက် ဝန်ထမ်းများအား အဖွဲ့တစ်ဖွဲ့လျှင် ၁၀ ဦးစီခန့်ဖြင့် အဖွဲ့ငယ်ရှစ်ဖွဲ့ ဖွဲ့စည်းထားရှိပြီး WhatsApp လူမှုကွန်ရက်မှတစ်ဆင့် ပစ်မှတ်များထံဆက်သွယ်၍ အချက်အလက်များ ရယူလေ့ရှိကြောင်း၊ ရရှိသည့်အချက်အလက်များအား စုဆောင်း၍ ငွေကြေးလိမ်လည်မည့် အခြားအဖွဲ့များသို့ ပြန်လည်ရောင်းချခြင်းများ ပြုလုပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။

ထိုကဲ့သို့ အွန်လိုင်းလူမှုကွန်ရက်မှတစ်ဆင့် ပြည်ပနိုင်ငံသားများထံမှ ငွေကြေးလိမ်လည်မှုပြုလုပ်နေသူ ဖမ်းဆီးရမိတရားခံ ၉၅ ဦးအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အထက်ပါကဲ့သို့ ငွေကြေးလိမ်လည်နေသည့်အဖွဲ့အစည်းများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၅ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၆)ရပ်ကွက် ရတနာပုံလမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် သော်တာလင်း မောင်းနှင်လာသည့် Changhe ယာဉ်ရောက်ရှိလာသဖြင့် ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ လွှဲပြောင်းပေးအပ်ခဲ့သူ မျိုးမင်းပိုင်ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၁၇/၁၄၄)ရပ်ကွက် အနော်ရထာလမ်းရှိ ၎င်း၏နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ လွှဲပြောင်းပေးစဉ်က သယ်ဆောင်လာသည့် Light Truck ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ ဖမ်းမိတရားခံ သော်တာလင်း ငှားရမ်းထားသည့် မြောက်ဥက္ကလာပမြို့နယ် သီရိရတနာကားဝင်းရှိ အခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၅ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zu Zu Phyo (Zu Zu)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက်နေ ဇူဇူဖြိုးအား မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ “Zin Ko Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇင်ကိုထွန်း(ခ)အငယ်ကောင်အား မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)၂၀၂၃-၂၀၂၄ (၁၃၈၅-၁၃၈၆)ခု၊ ပညာသင်နှစ်အတွက် သာသနတက္ကသီလ ဓမ္မာစရိယ(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခု အောင်မြင်ပြီး သက်တော်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါအောက်ရှိရမည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ တစ်ခုခု ရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ(၅)ပုစ္ဆာနှင့် အထွေထွေဗဟုသုတ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်း နှစ်ရက် ဖြေဆိုကြရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ)အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်၊ အင်္ဂါနေ့(အစိုးရရုံးပိတ်ရက်များမှအပ)တွင် စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်၊ သောကြာနေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသော အချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး(ဖုန်း၊ ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။


**သတင်းစဉ်**

# ပုဂံယဉ်ကျေးမှုနယ်မြေ၏ ဆည်းဆာအလှ ကြည့်ရှုနိုင်သော စူဠာမဏိကန်နှင့် ညောင်လက်ဖက်ကုန်းတို့၌ ပြည်တွင်း၊ ပြည်ပခရီးသွား အများဆုံးဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း စေတီ၊ ပုထိုးများနှင့် ဧရာဝတီမြစ်၏ ဆည်းဆာအလှကို အပြည့်အဝကြည့်ရှုခံစားရန် စူဠာမဏိကန်(ဖိုးသူတော်ကန်)နှင့် ညောင်လက်ဖက်ကန်ကုန်းတို့မှ အများဆုံး ကြည့်ရှုခံစားကြလေ့ရှိကြောင်း သိရသည်။

ဧရိယာ ၁၉ စတုရန်းမိုင်ကျယ်ဝန်းသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပုဂံဒေသ၏ သဘာဝ အလှနှင့် ဆည်းဆာအလှကိုကြည့်ရှုနိုင်ရန် View Mount များကို ဖန်တီးပေးထားရာ နိုင်ငံခြားသား ခရီးသွားများနှင့် လူငယ်များအနေဖြင့် မင်းနန်သူကန်၊ ကိုမောက်ကန်၊ အရှေ့အိုးထိန်းတောင်၊ အနောက်အိုးထိန်းတောင်၊ ကျောက်မျက်မှော်၊ ဗူးဘုရား၊ ညောင်လက်ဖက်ကန်နှင့် စူဠာမဏိကန်တို့မှ အများဆုံး ကြည့်ရှုကြလေ့ရှိပြီး စေတီ၊ ဘုရားများပေါ်မှ ဆည်းဆာအလှကြည့်ရှုမှုကို တားမြစ်ထားဆဲဖြစ်ကြောင်း သိရသည်။



"ပုဂံဒေသဟာ ခရီးသွားလုပ်ငန်းကို အမှီပြုနေရတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒီနှစ် သီတင်းကျွတ်ပွဲတော်ကာလကစပြီး ခရီးသွားရာသီတစ်လျှောက်မှာ ပြည်တွင်း၊ ပြည်ပ ခရီးသွား တစ်ဖွဲ့ဖွဲ့ဝင်ရောက်မယ်လို့ မျှော်မှန်းထားကြပါတယ်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားပြီးတဲ့နောက် ခရီးသွားကဏ္ဍ ပြန်လည်ဖွင့်လှစ်ချိန်ကစပြီး ခရီးသွားဝင်ရောက်မှုဟာ ယခင်စံနှုန်းကို မရောက်သေးပေမယ့် တစ်နှစ်ထက်တစ်နှစ် တိုးလာတာကိုတွေ့ရမှာပါ။ ပုဂံကို လာရောက်လေ့လာတဲ့အခါမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ မလုပ်မဖြစ်လုပ်ဆောင်ကြလေ့ရှိတဲ့အရာတစ်ခုက ညနေဆည်းဆာအလှကိုကြည့်ရှုပြီး စိတ်အပန်းဖြေမှုနဲ့ အတူ ဓာတ်ပုံရိုက်ခြင်းပါပဲ။ နိုင်ငံခြားခရီးသွားနဲ့ လူငယ်တွေအနေနဲ့ ညနေဆည်းဆာအလှကို ညောင်လက်ဖက်ကန်နဲ့ စူဠာမဏိကန်(ဖိုးသူတော်ကန်)နေရာကနေ ကြည့်ရှုကြတာများပါတယ်။ ပုဂံဒေသဟာ ရှေ့လျှောက် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးဖို့ပဲ ရှိပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

၂၀၂၃ ခုနှစ် သီတင်းကျွတ်ပွဲတော်ကာလတွင် ပုဂံဒေသရှိ ဟိုတယ်နှင့် တည်းခိုခန်းများ အခန်းပြည့်နီးပါး ကြိုတင်မှာယူထားကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ပုဂံယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ ဘုရား/စေတီ တစ်နေရာလျှင် ခရီးသွား ၃၀၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မနူဟာ၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇိက၊ ငှက်ပစ်တောင်၊ တုရင်တောင်နှင့် တန့်ကြည်တောင်တို့၌ နံနက်ခင်းမှ ညပိုင်းဆီမီးပူဇော်သည့်အချိန်အထိ ဘုရားဖူး တစ်သိန်းနှစ်သောင်းအထိ ဝင်ရောက်ခဲ့ရာ ယခုသီတင်းကျွတ်လပြည့် အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် ပုဂံယဉ်ကျေးမှုဒေသ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် အထူးစည်ကားနိုင်ဖွယ်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ပြည်ပညာရေးဒီဂရီကောလိပ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုဆိုင်ရာအသိပညာပေး ဟောပြော

**ပြည် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပညာရေးဒီဂရီကောလိပ် နဝရတ်ရတနာခန်းမ၌ ယမန်နေ့က ပြည်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့(ပြည်)နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့(ပြည်) တို့ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။



အသိပညာပေး ဟောပြောပွဲတွင် ပြည်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဦးဇော်စိုးမင်းထွန်း(စစ်ဆေးရေးမှူး-၂)က ဆိုင်ကယ်စီးသူတိုင်း ရာနှုန်းပြည့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေးနှင့် ယာဉ်မောင်းသူတိုင်း ရာနှုန်းပြည့်ခါးပတ်ပတ်ရေး အကြောင်းအပါအဝင် ယာဉ်တိုက်မှုဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့(ပြည်)မှ ရဲမှူးမျိုးမင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့(ပြည်)မှ ရဲအုပ်ဌေးလင်းဦးတို့က မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အကြောင်းများနှင့် သိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေးဟောပြောဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပြည်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၃)ကို အောက်တိုဘာ ၂ ရက် မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ရာ ယနေ့ညနေ ၄ နာရီက အလုံမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ သင်တန်းဆင်းပွဲ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မြန်မာ့သဘင် ဆန်းစုံလင်

အလင်္ကာကျော်စွာ ဦးရဲဒွေး

"မြန်မာ့ယဉ်ကျေးမှုအစ ပျူခေတ်က" ဟုဆိုရပေမည်။ အေဒီ ၈၀၂ တွင် သရေခေတ္တရာပျူမင်းက ပျူယဉ်ကျေးမှုအဖွဲ့ကို တရုတ်ဧကရာဇ် တဲကျန်းနန်းစိုက်ရာ ချင်အန်းမြို့တော်သို့ စေလွှတ်လိုက်ရာတွင် တရုတ်ဧကရာဇ်မှာ ပျူအဆို၊ အတီး၊ အကအလှတို့တွင် နစ်မွန်းနေသဖြင့် ကဗျာဆရာကြီး ပိုးကျူအိက တရုတ်ပြည်သူတို့အား လျစ်လျူရှုမထားသင့်ကြောင်း ကဗျာတစ်ပုဒ်ဖြင့် အသိပေးမှု၊ သတိပေးမှု ပြုခဲ့ရသည်။

**သဘင်ဂီတအနုပညာရပ်များအားလုံး တိုးတက်မြင့်မားခဲ့**

ပုဂံခေတ်တွင် အိန္ဒိယ၊ သီရိလင်္ကာ၊ ပျူ၊ မွန်၊ မြန်မာအဆိုအတီးအကများမှာ ရောပြွမ်းလျက်ရှိ၍ သဘင်ဂီတအနုပညာရပ်များအားလုံး တိုးတက်မြင့်မားခဲ့သည်။ ထိုခေတ်တွင် "ပန်တျာ၊ သဘင်နှင့်ကခြေ"ဟူသော ဝေါဟာရများတွင်ကျယ်စွာ သုံးနှုန်းလျက်ရှိသည်။ ထို့ပြင် ပုဂံခေတ်တွင် မြန်မာစာပေပေါ်ပေါက်လာပေသည်။ ပင်းယခေတ်တွင် ဇာတိသွေး ဇာတိမာန် တက်ကြွစေသော ကာချင်းနှင့် ကာအကများ ပေါ်ပေါက်သည်။

အင်းဝခေတ်သည် ပုဂံခေတ်တွင် ပေါ်ပေါက်သော မြန်မာစာပေ၏ ပထမ ရွှေခေတ်ဖြစ်သည်။ ထိုခေတ်တွင် ကြိုးသီချင်းများ၊ ဆိုင်းဝိုင်း (ပတ်ဆိုင်း) နှင့် ကြိုးဆွဲရုပ်သေးများ ပေါ်ထွန်းလေသည်။ ရှင်မဟာရဋ္ဌသာရဖွဲ့ဆိုသော ပျို့လင်္ကာကဗျာများတွင် "ကြိုးဆွဲငင်ချ၊ အရုပ်ကသို့၊ ရုပ်ကြီးရုပ်ငယ်၊ မီးဝယ်ကြည့်ပွဲ၊ လက်တန်ညွှတ်မျှ၊ ဟန်ဆောင်က၏။ နှုတ်ခမ်းဖွင့်အုပ်၊ မေးလှုပ်လှုပ်နှင့် အရုပ်မထင်၊ အရှင်ဟုမှား" ဟူသော စပ်အင် များအရ ကြိုးဆွဲရုပ်သေးသဘင်သည် အင်းဝခေတ်တွင် တိုးတက်မြင့်မားလေသည်။ ကမ္ဘာ့အရိပ်ပြ၊ လက်ထိုး၊ တုတ်ထိုးနှင့် ကြိုးဆွဲရုပ်သေးနည်းစနစ်များအနက် ကြိုးဆွဲရုပ်သေးအမျိုးအစားမှာ အခက်ခဲဆုံး၊ အနုပညာအမြောက်ဆုံးဖြစ်သည်။

ထို့ပြင် အင်းဝခေတ်တွင် ဇာတ်ပြဇာတ်အနုပညာ(Art of Drama) မှာလည်း ကြိုးဆွဲရုပ်သေးဖြင့်ပင် ထွန်းပေါ်လာခဲ့သည်ဟု တိကျသေချာစွာ ယူဆဖွယ်ဖြစ်သည်။ ဘုရင်မင်းခေါင်သည် သက္ကရာဇ် ၈၆၁ ခုနှစ် (အေဒီ ၁၄၉၉) တွင် မင်္ဂလာစေတီတည်မှု အလုံးစုံပြီးစီးသောအခါ သဘင်စုံခံရာတွင် သီဟိုဠ်မင်းက မြန်မာမင်းထံ စေလွှတ်လိုက်သည်ဆိုသော ပုဏ္ဏားတော်ရုပ်ကြီးက ပရိသတ်ရှေ့မှောက် စင်မြင့်ထက်တွင် ထွက်လာလေသည်။ ပုဏ္ဏားရုပ်သည် ပရိသတ်ရှေ့တွင် လှုပ်ရှားပြောကြားဖြေဖျော်၍ အလိုအလျောက် ဇာတ်ရုပ်ဇာတ်ကောင် (Dramatic Character) ဖြစ်နေခြင်း၊ ၎င်း၏ဂုဏ်ပုဒ်များကို ကြွားဝါပြောကြားခြင်း (တစ်ဦးတည်းပြောဇာတ်စကား၊ Monologue)၊ လောကကြောင်း၊ ရာဇကြောင်း၊ ဓမ္မကြောင်းစကားများနှင့် အခြားစကားများ ပြောဟောခြင်း (ဇာတ်စကား၊ Dramatic Dialogues)၊ ပြောဟန် ဆိုဟန် သွားဟန် လာဟန် လှုပ်ရှားဟန်များပြုလုပ်ခြင်း(Dramatic Movements and Gestures) ဟူသော ဇာတ်ပြဇာတ်သရုပ်ဆောင်အနုပညာ၏ အခြေခံသဘောသဘာဝများကို ပြုလုပ်ပြသလေသည်။ ထိုစဉ်အခါက ဇာတ်လမ်းဇာတ်ကွက်ကား မပါသေးချေ။ စေတီတော်၊ ဘုရင်နှင့် ပြည်သူများအကြား ပြောကြားမှုသည် ဇာတ်လမ်းသဖွယ်တော့ ဖြစ်နေသည်။



ရတနာပုံခေတ်နှောင်းပိုင်းဟန် ရုပ်သေးသဘင်ပွဲ။

**ဇာတ်ပြဇာတ်ပညာ**

ဇာတ်ပြဇာတ်ပညာ (Art of Drama) ဆိုသည်မှာ ဘာသာရေးဆိုင်ရာကျမ်းစာများ၊ ရာဇဝင်သမိုင်းများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၌ ဖော်ပြပါရှိသော ဘုရားများ၊ နတ်များ၊ မကောင်းဆိုးဝါးများ၊ လူများနှင့် တိရစ္ဆာန်တို့၏ ဖြစ်စဉ်ဖြစ်ရပ်နှင့် ဇာတ်လမ်းများကို လူဇာတ်ဆောင်များ သို့မဟုတ် ရုပ်သေးရုပ်များက ဇာတ်ကွက်ဇာတ်လမ်းဆင်ကာ သရုပ်ဖော်ဆောင် ပြသဖျော်ဖြေရသော အနုပညာပင်ဖြစ်သည်။ ကမ္ဘာ့ဇာတ်သဘင်တွင် တင်ဆက်ပုံနည်းလမ်း (၄)မျိုးထွန်းကားလေသည်။

၎င်းတို့မှာ-

(က) တီးဝိုင်းမပါရှိသော သဘာဝစကားပြောပြဇာတ် (Straight Hay) ပြဇာတ်၊ ဥပမာ-ရှိတ်စပီးယားနှင့် ဘားနတ်ချောတို့၏ပြဇာတ်များ၊

(ခ) တီးဝိုင်းပါရှိ၍ စကားပြောများ၊ တေးသီချင်းများနှင့် အကများဖြင့် တင်ဆက်သော တေးဂီတကဇာတ် (Musical Play or Drama)၊

(ဂ) စကားပြော အနည်းငယ်မျှသာပါရှိ၍ အဆိုတော်ဇာတ်ဆောင်များက တေးသီချင်းများဖြင့် အပြန်အလှန်ပြောကြားသီဆိုသော တေးဂီတဇာတ် (အော်ပဒါ၊ အော်ပရာ၊ Opera) နီးစပ်သည်။ ဥပမာ-ရွှေမန်းဦးတင်မောင်၏ "ရွှဲကုန်သည်"၊

(ဃ) အကပညာရှင်ဇာတ်ဆောင်တို့က အကများဖြင့် ဇာတ်လမ်းသရုပ်ဖော်ဆောင် ကပြရသောဘဲလေးကဇာတ်။

ပုဏ္ဏားရုပ်သေးရုပ်ဖြင့် စတင်ပေါ်ပေါက်ခဲ့ဟန်တူသော ဇာတ်၊ ပြဇာတ်၊ အနုပညာသည် အင်းဝခေတ်အလယ်ပိုင်းခန့်တွင် စတင်ပေါ်ပေါက်၍ အင်းဝခေတ်နှောင်းပိုင်းခန့်တွင် ပိုမိုပီပြင်မြင့်မားခဲ့ဟန်တူသည်။ ဤအချက်ကို အင်းဝခေတ်အား ဆက်ခံသော တောင်ငူခေတ်မှ စာဆို မင်းဧယျရန္တမိတ် ဖွဲ့သီသော "ပဋ္ဌာစာရီသာချင်း" က သက်သေပြုလျက်ရှိသည်။ ပဋ္ဌာစာရီသာချင်းတွင်-

"ပွဲပရိသတ်၊ ဤသည့်ဇာတ်ကို၊ သူမြတ်သူကောင်း၊ စိုးမင်းပေါင်းတို့၊ ပူပြင်းဒုက္ခ၊ ဤကိစ္စ၌၊ သောကပရိမီးတောက်ဖိ၍၊ မချိပင်ပန်း"စသည်ဖြင့် တွေ့ရသည်။ ထို့ကြောင့် တောင်ငူခေတ်တွင် "ဇာတ်ပွဲကပြသူများ"နှင့် "ဇာတ်ပွဲကြည့်ရှုသူများ" ရှိနေပြီဖြစ်ကြောင်း၊ တစ်နည်းဆိုသော် ဇာတ်သဘင်ထွန်းကားလျက်ရှိကြောင်း ခိုင်လုံထင်ရှားစွာ သိရှိနိုင်သည်။

တောင်ငူခေတ်တွင် အငြိမ့်သဘင်လည်း ထွန်းကားလျက်ရှိကြောင်း တွေ့ရသည်။ မင်းဧယျရန္တမိတ်ရေး ပဋ္ဌာစာရီသာချင်း၌ပင်

"တစ်ခါတစ်ရံ ငြိမ့်ပွဲခံသည်၊ စောင်းသံကြူးရင့်၊ ညောင်းသနှင့်" ဟု တွေ့ရသဖြင့် အငြိမ့်သဘင်သည် ညောင်ရမ်းခေတ်ထက် အဆောအလျင် ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။ ထိုစဉ်က အငြိမ့်တွင် အဆို၊ အတီးနှစ်မျိုးတည်းသာပါရှိ၍ အကမပါသေးပေ။

**ကြိုးသီချင်းများ တိုးတက်ပြောင်းလဲလာ**

ညောင်ရမ်းခေတ်၌ အင်းဝခေတ်တွင် ပေါ်ပေါက်သော ကြိုးသီချင်းများမှာ ဝန်ကြီးပဒေသရာဇာ၏ အားထုတ်မှုကြောင့် ပိုမိုပီပြင်တိုးတက်ပြောင်းလဲလာသည်။ ထိုခေတ်တွင် ဝိဓူရဇာတ်၊ ကိန္နရာဇာတ်၊ မနော်ဇာတ်၊ ကုမ္မာဘယဇာတ်၊ အန္တရဒဝီဇာတ် နှင့် မဏိကက်ဇာတ်များ ကပြသည်။ ထို့ပြင် ကုန်းတစ်တန်၊ ရေတစ်တန် လှည့်လည်သီဆိုတီးမှုတ် ကပြရသောအငြိမ့်နှင့် မြေဝိုင်းဇာတ်အဖွဲ့များလည်း ပေါ်ပေါက်လာသည်ဟု ယူဆရဖွယ်ဖြစ်သည်။

ရှေးနန်းတွင်း ဇာတ်သဘင်၊ အရပ်ဘက် မြေဝိုင်းဇာတ်သဘင်နှင့် ရုပ်စုံရုပ်သေးသဘင်တို့သည် ပြည်သူအပေါင်းအား ဖြေဖျော်မှုတစ်ရပ်တည်းသာ မဟုတ်မူဘဲ လောကီလောကုတ္တရာ နှစ်ဖြာသောအဆုံးအမများနှင့် ဗဟုသုတများပေးဝေသော မျက်မှောက်ခေတ်မှ စာအုပ်၊ သတင်းစာ၊ စာစောင်(ဂျာနယ်) မဂ္ဂဇင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများ သဖွယ် ဖြစ်တည်ခဲ့လေသည်။

**ဆန်းသစ်တီထွင်ပြုပြင်ပြောင်းလဲ**

ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရား လက်ထက်တွင်ကား အကြောင်းအားလျော်စွာ ထိုင်းနိုင်ငံမှ အဆိုဂီတ(သီချင်းများ)၊ အတီးဂီတ (ဂီတသံစဉ်များ)၊ အကများ၊ အီနောင်ဇာတ်၊ ရာမာရဏဇာတ်နှင့် အခြားဇာတ်များ ဤနိုင်ငံသို့ ရောက်ရှိလာရကား မြန်မာ့ယဉ်ကျေးမှု ဗိမာန်ကြီးအတွင်းဝယ် ထိုင်းယဉ်ကျေးမှုအနုပညာပစ္စည်းများ ဖြည့်သွင်းလိုက်သကဲ့သို့ ဖြစ်တော့သည်။ သို့သော် မြန်မာတို့သည် အိမ်နီးချင်းနိုင်ငံများမှ ယဉ်ကျေးမှုအနုပညာရပ်များကို သိမ်းသွင်းရယူရာတွင် တစ်သဝေမတိမ်း တိုက်ရိုက်ပုံတူကူးယူခြင်းအလျှင်းမရှိခဲ့ဘဲ အသွင်သစ်၊ အမြင်သစ်၊ ရသအသစ်ဖြင့်သာလျှင် မြန်မာ့အတွေး၊ မြန်မာ့အကြိုက်ဆန်းသစ်တီထွင် ပြုပြင်ပြောင်းလဲကာ မြန်မာမှု ပြုခဲ့သဖြင့် မြန်မာတို့အတွက် "ပေးတော့ ငွေ၊ ရတော့ ရွှေ" ဆိုသကဲ့သို့ဖြစ်လေသည်။

**ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင်ကား အကြောင်းအားလျော်စွာ ထိုင်းနိုင်ငံမှ အဆိုဂီတ(သီချင်းများ)၊ အတီးဂီတ (ဂီတသံစဉ်များ)၊ အကများ၊ အီနောင်ဇာတ်၊ ရာမာရဏဇာတ်နှင့် အခြားဇာတ်များ ဤနိုင်ငံသို့ ရောက်ရှိလာရကား မြန်မာ့ယဉ်ကျေးမှုဗိမာန်ကြီးအတွင်းဝယ် ထိုင်းယဉ်ကျေးမှု အနုပညာပစ္စည်းများ ဖြည့်သွင်းလိုက်သကဲ့သို့ ဖြစ်တော့သည်။ သို့သော် မြန်မာတို့သည် အိမ်နီးချင်းနိုင်ငံများမှ ယဉ်ကျေးမှုအနုပညာရပ်များကို သိမ်းသွင်းရယူရာတွင် တစ်သဝေမတိမ်း တိုက်ရိုက်ပုံတူကူးယူခြင်းအလျှင်းမရှိခဲ့ဘဲ အသွင်သစ်၊ အမြင်သစ်၊ ရသအသစ်ဖြင့်သာလျှင် မြန်မာ့အတွေး၊ မြန်မာ့အကြိုက်ဆန်းသစ်တီထွင်ပြုပြင်ပြောင်းလဲကာ မြန်မာမှုပြုခဲ့သဖြင့် မြန်မာတို့အတွက် "ပေးတော့ငွေ၊ ရတော့ရွှေ"ဆိုသကဲ့သို့ဖြစ်**

အင်္ဂလိပ်အရာရှိ ကလီမင့်ဝီလျံ (Clement William) က တရုတ်မြန်မာနယ်စပ်ဖြတ်ကျော်၍ တရုတ်နယ်စပ်မြို့တစ်မြို့သို့သွားရာ အသွားအပြန်ခရီးစဉ်များတွင် ဗန်းမော်မြို့၌ ပေါင်းခြောက်ရက်ခန့်မျှ ခိုနားရသည်။ ကလီမင့်ဝီလျံသည် ဗန်းမော်မြို့တွင် ရွှေဘိုမြို့မှ "မုဆိုးဗိုလ်" မြေဝိုင်းဇာတ်အဖွဲ့က တင်ဆက်သော ပဋ္ဌာစာရီဇာတ်၊ ကောဠိယဇာတ်၊ ရွှေချိန်ခွင်ဇာတ်၊ ခိုးသားငါးရာဇာတ်နှင့် ပေါက်ကျိုင်းဇာတ်များကို ကြည့်ရှုခဲ့ရပြီးလျှင် မြေဝိုင်းဇာတ်အဖွဲ့ဝင် သဘင်ပညာရှင်တို့၏ သရုပ်ဆောင်အနုပညာအဆင့်အတန်းမှာ မြင့်မားကြောင်း ၎င်း၏ မှတ်တမ်းအစီရင်ခံစာတွင် ရေးသားဖော်ပြထားလေသည်။

ထို့ပြင် ကလီမင့်ဝီလျံက မုဆိုးဗိုလ်ဇာတ်အဖွဲ့ဝင်ပေါင်း ၁၆ ဦးတို့မှာ အမျိုးသားများချည်းသာ ဖြစ်ကြောင်း၊ နှစ်ဦးက မင်းသမီးများအဖြစ် သဘာဝကျစွာ သရုပ်ဆောင်ကပြနိုင်ကြကြောင်း ဖြင့်လည်း ရေးသားမှတ်တမ်းတင်ထားသည်။ မြန်မာ့ဇာတ်သဘင်သည် ဥရောပတိုက်သား၊ ကမ္ဘာကျော်ပြဇာတ်စာရေးဆရာကြီး ရှိတ်စပီးယားမွေးဖွားရာ အင်္ဂလန်နိုင်ငံသား၊ နိုင်ငံခြားသား ကလီမင့်ဝီလျံ၏ ချီးကျူးဝေဖန်ခြင်းခံရလောက်အောင် အနုပညာအဆင့်အတန်း တိုးတက်မြင့်မားခဲ့လေသည်။ အေဒီ ၁၈၆၃ နောက်ဆုံး ယောကျ်ားမင်းသမီးမှာ ဦးအောင်ဗလဖြစ်သည်။ တရုတ်ပြည်၌ ကျော်ကြားသော နောက်ဆုံး ယောကျ်ားမင်းသမီးမှာ မေလန်ဖန်းဖြစ်သည်။ ဂျပန်ကာဘူကီးဇာတ်သဘင်တွင်လည်း ယောကျ်ားများက မင်းသမီးများအဖြစ် ကပြကြလေသည်။

စာမျက်နှာ ၁၉ သို့ ✧

# ကောင်းမွန်သောရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်လှစ်



**ပဲခူး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ သင်တန်းခန်းမ၌ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ကောင်းမွန်သော ရေနေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက လမ်းညွှန်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သဘာဝငါးမျိုးများဖြစ်သော ငါးရံ့ခေါင်းတို၊ ငါးကျည်း၊ ငါးခူ၊ ငါးခုံးမနှင့် ငါးဖန်းမစသည်တို့အား သဘာဝနည်းအတိုင်း မျိုးပွားထုတ်လုပ်မည့် မျိုးငါးများအား လှည့်လည်ကြည့်ရှုခဲ့ပြီး မျိုးငါးများအလိုက် သန့်ရှင်းသပ်ရပ်ပြီး လေဝင်/လေထွက် ကောင်းမွန်သည့် Camp များဖြင့် မျိုးပွားထုတ်လုပ်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။


အဆိုပါသင်တန်းအား အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနှင့် ပြင်ပငါးလုပ်ငန်းရှင် သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်ရှိစော်ဘွားကြီးကုန်းရပ်ကွက်နှင့် နံ့သာကုန်းရပ်ကွက်များသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်းစိန်မြို့နယ် လူဝင်မှု



ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီစိုးနှင့် ဝန်ထမ်းများက စော်ဘွားကြီးကုန်းရပ်ကွက်နှင့် နံ့သာကုန်းရပ်ကွက်များရှိ အသက်(၁၆)နှစ် နှင့် (၁၈)နှစ်ကြား၊ အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ၊ အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများ၊ ယာယီနေထိုင်သူများအား ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်းရှိ ကျန်ရှိနေသော ရပ်ကွက်များကိုလည်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးအနေဖြင့် အင်းစိန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို သတ်မှတ်ထားသည့်နေရာများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာစေပြီး ဇီဝဆိုင်ရာ အချက်အလက် စီစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီ ဂဏန်း(၁၀) လုံး ပါဝင်သည့်Unique ID နံပါတ်ကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **ဥက္ကာဟိန်း**

# ဓနုဖြူမြို့ မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဓနုဖြူ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**သရုပ်ပြဇာတ်တိုက်လေ့ကျင့်**

ဓနုဖြူမြို့ မြို့မဈေးကြီး မီးဘေးအန္တရယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများပူးပေါင်း၍ တွေ့ဆုံဆွေးနွေးကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှုများအား ဈေးရုံအတွင်းလှည့်လည် စစ်ဆေးကြည့်ရှုကာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုမီးသတ်ဦးစီးမှူး ဦးသန်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှု၊ မီးသတ်ဆေးဘူး အသုံးပြုပုံ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်း သတ်မှုများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့်အဖွဲ့ဝင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



# သထုံမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**သထုံ အောက်တိုဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးမောင်မောင်မြင့်က သင်တန်းဆင်း အမှာစကားပြာကြားသည်။




ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃)နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အေးခန့်၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးနှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူတို့က လက်ခံရယူကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၌ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ထားသည့် သထုံ၊ ပေါင်၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များမှ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများနှင့် မူလတန်းကြိုကျောင်းဖွင့်လှစ်ရန်စီစဉ်နေသည့်ကျောင်းတို့မှ သင်တန်းသူ ဆရာမ စုစုပေါင်း၃၅ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

✧ **စာမျက်နှာ ၁၈ မှ**

မင်းတုန်းမင်းကြီး လက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အင်္ဂလိပ်လူမျိုး “ရွှေရိုး” ကလောင်အမည်ခံ ဂျော့စကော့ (George Scott) က မြန်မာ့ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ရဟန်းပညာရှိ၊ လူပညာရှိများထံ ချဉ်းကပ်လေ့လာ ရေးသားသော “မြန်မာ၊ သူ့ဘဝသူ့အတွေး” (The Burman; His Life and Notions) တွင် ဇာတ်မှာ ဘုရားဟောနိပါတ်ဇာတ်တော်များ တင်ဆက်မှုဖြစ်၍ ပြဇာတ်မှာ ထိုးဇာတ်လုပ်ဇာတ်များ အဓိကထားတင်ဆက်ကပြမှုဖြစ်သည်ဟု ရေးသားဖော်ပြထားလေသည်။

**စက်ယန္တရားများ တပ်ဆင်ထားသည့် ဇာတ်ရုံတော်**

ကုန်းဘောင်ခေတ် နှောင်းပိုင်းဖြစ်သော ရတနာပုံခေတ်တွင် မန္တလေးမြို့ နန်းတွင်းတစ်နေရာ၌ မြေလျှိုးမိုးပျံခြင်း၊ ပဒုမ္မာကြာဖူးကြီးတဖြည်းဖြည်းပွင့်လာပြီးလျှင် ကြာဖူးကြီးအတွင်းမှ နတ်မိမယ်ပေါ်ထွက်ကပြခြင်း၊ ပေါ်ရာမှပျောက်၍ ပျောက်ရာမှ ပေါ်ခြင်းစသည့် ပြကွင်းပြကွက်များ ဖန်တီးနိုင်သော စက်ယန္တရားများ တပ်ဆင်ထားသည့် ဇာတ်ရုံတော် တည်ဆောက်ထားရှိသည်။ အခြားတစ်နေရာ၌ ဘုရင်နှင့်တကွ မင်းပရိသတ်တို့က အပေါ်စီးမှ ကြည့်ရှုနိုင်သော ပွဲကြည့်ဆောင်တည်ရှိသည်။

ပွဲကြည့်ဆောင်ရှေ့ မြေကြီးပေါ်တွင် သစ်သားတိုင်လုံးကြီးတစ်တိုင်တည်း စိုက်ထူထားကာ တိုင်ထိပ်ပေါ်၌ ထီးခမောက်သဏ္ဌာန်ရှိသော အမိုးကြီးတပ်ဆင်ထားသည်။ ထိုထီးကြီးအောက်၌ မြေကြီးပေါ်တွင် မြေဝိုင်းဇာတ်အခင်းအကျင်းဖြင့် သဘင်သည်တို့က တီးမှုတ်ကပြကြရသည်။ သာမန်မင်းမှုထမ်းများက သတ်မှတ်နေရာများတွင် ဒူးတုပ်လျက်ထိုင်ကာ ပွဲကြည့်ရှုကြရလေသည်။ ထိုလေဟာပြင်ဇာတ်ရုံကို ထီးရုံတော်ဟုခေါ်ဆိုလေသည်။

နန်းတွင်းရုပ်စုံစင် (အဖွဲ့) များဖြစ်သော ဘုရင်၏စင်တော်ကြီး၊ မိဖုရားခေါင်ကြီးနှင့် သို့မဟုတ် အိမ်ရှေ့မင်း၏စင်တော်ကလေး၊ သမီးတော်များ၏ သမီးတော်များစင်နှင့် နန်းတွင်းလုံခြုံရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများအတွက် ဝင်းစင်များကလည်း နန်းမြို့အတွင်းတွင် ကပြကြသည်။ မန္တလေးမြို့ရှိ ရုပ်သေးတန်းခေါ် ရပ်ကွက်၌လည်း အရုပ်စင်များ ဖွဲ့စည်းတည်ထောင်ကြလေသည်။ အရုပ်စင်များမှ အသံကောင်း၊ အဆိုကောင်း၊ အငိုကောင်း၊ အပြောကောင်း၊ အကကောင်းသော ရုပ်သေးမင်းသား၊ မင်းသမီး၊ မင်းသားကြီး၊ လူပြက်၊ လူကြမ်း၊ ကြိုးဆွဲများအောင်မြင်ကျော်ကြားလာပါက “ထင်ပေါ်လျှင် စင်တော်ကကောက်” ဟူသောစကားအတိုင်း နန်းတွင်းစင်များက ကောက်ယူခန့်ထားကြသည်။ ထိုခေတ်တွင် မိန်းမများစင်ပေါ်တက်ခွင့်မရှိကြ၍ ယောကျ်ားပညာရှင်များကသာ “အသံမင်းသမီး” များအဖြစ် ကပြကြရလေသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ကြီးတွင် အများပြည်သူများနှင့် စည်ကားများပြား

တွေ့ဆုံမေးမြန်း
ချိုကြီး
ဓာတ်ပုံ - ကျော်ကြီး

ရန်ကုန်　　အောက်တိုဘာ　　၂၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့ပြီး သီတင်းကျွတ်ဈေးရောင်းပွဲတော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်လုပ်သည့်ပစ္စည်းများ၊ MSME လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ၊ သမဝါယမဝန်ကြီးဌာနမှထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ကုန်ပစ္စည်းများကို ဆိုင်ခန်းပေါင်း ၅၀၀ ခန့်ဖြင့် ပြသရောင်းချလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူများဝယ်ယူအားပေးမှုများပြားခဲ့သည်။

ထို့ပြင် အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆပ်ကပ်၊ မျက်လှည့်၊ DJ ၊ Dancer အကများဖြင့် ဖျော်ဖြေမှုများကို နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ အားပါးတရ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ယနေ့တွင် အဆိုပါပွဲတော်သို့ လာရောက်သူများ၏ စကားသံများကိုလည်း စုစည်းဖော်ပြလိုက်ပါသည်။


ဦးမျိုးမြင့်အောင်


ဒေါက်တာတိုးနန္ဒာတင်


ဒေါ်ဇာခြည်ဌေး


ဒေါက်တာခင်သော်တာဝင်း


ဒေါ်သန်းသန်းစိုး

**ဦးမျိုးမြင့်အောင်**
**ရန်ကုန်တိုင်းဒေသကြီး**
**စီးပွားရေးရာဝန်ကြီး**

မနှစ်ကလည်း သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စတဲ့နေ့တွေမှာ ဈေးရောင်းပွဲတော်တွေ ဆောင်ရွက်တဲ့အခါ လာရောက်ကြည့်ရှုတဲ့ ပြည်သူတွေကို ဖျော်ဖြေပွဲတွေထည့်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်မှာလည်း သီတင်းကျွတ်ပွဲတော်ကို စက်မှုထုတ်ကုန်၊ ရေထွက်ပစ္စည်းအားလုံး ဆိုင်ခန်းပေါင်း ၅၀၀ နဲ့ ဖွင့်လှစ်ရောင်းချခြင်းဖြစ်ပါတယ်။ ဒီနှစ် ထူးခြားချက်က ယခင်နှစ်နဲ့ မတူတဲ့ ရေထွက်ကုန်ပစ္စည်းတွေ ပြည်သူလူထုသိရှိအောင် ငါး၊ ပုစွန်၊ ကဏန်းစတဲ့ပင်လယ်စာတွေကို ကျွန်တော်တို့ နိုင်ငံမှာ စနစ်အသစ်နဲ့ ဒါတွေကိုဆောင်ရွက်နေတယ်ဆိုတာရယ်၊ ဈေးသက်သက်သာသာနဲ့ ဝယ်ယူလို့ရအောင် ဒါတွေကို ပရိုမိုးရှင်းလုပ်ပြီး ထည့်သွင်းရောင်းချတာဖြစ်ပါတယ်။ ဒါ့အပြင် လာရောက်လည်ပတ်တဲ့ လူငယ်တွေအတွက်လည်း ၂၇၊ ၂၈၊ ၂၉ ပေါ့။ နေ့လယ်ပိုင်းမှာဆိုရင် E-Sport ဂိမ်း ယှဉ်ပြိုင်ပွဲရှိပါတယ်။ ပြိုင်ပွဲပြီး ဆုပေးမယ့် အစီအစဉ်ပါဝင်တယ်။ နောက်ဆုံး ၃၀ ရက်နေ့ကျရင် ကျွန်တော်တို့ နိုင်ငံမှာ အကောင်းဆုံးဖြစ်တဲ့ ဖယ်လ်ကွန်အသင်းနဲ့ အုပ်စုလိုက်ယှဉ်ပြိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

နံပါတ်တစ်ကတော့ မြန်မာနိုင်ငံမှာထုတ်နေတဲ့ MSME ထုတ်ကုန်တွေကို တော်တော်များများ မသိကြဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ကအစ စက်ရုံတွေရောက်မှ တွေ့ရတဲ့အခြေအနေ။ တချို့ဆိုရင် နိုင်ငံခြားက ထုတ်နေတယ်ဆိုတဲ့ ပစ္စည်းတွေ ထင်ကြပေမယ့် တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ထုတ်နေတာဖြစ်ပါတယ်။ ဒါတွေကို တီဗွီကြော်ငြာတာမဟုတ်ဘဲ ကျွန်တော်တို့ ဒီမှာ မျက်ဝါးထင်ထင် ထိတွေ့ကိုင်တွယ်ပြီး ကြည့်လို့ရမယ်။ အရည်အသွေးပိုင်း ကြည့်လို့ရမယ်။ ပစ္စည်းချင်းတူလို့ရှိရင် ပြည်ပကသွင်းတဲ့ ကုန်ပစ္စည်းနဲ့စာရင် ဒီပစ္စည်းတွေက ဈေးနှုန်းအများကြီးသက်သာတယ်။ ရေထွက်ပစ္စည်း၊ ငါး၊ ပုစွန်၊ ကဏန်း ပင်လယ်စာတွေကို ကျွန်တော်တို့ နိုင်ငံမှာ စနစ်အသစ်နဲ့ ထုတ်နေတာရှိပါတယ်။ ဒါက ယုဇနက ဆောင်ရွက်တဲ့ Global Earth Agro & Aqua Industry Public Company Limited ဆိုရင် အရှေ့တောင်အာရှမှာ တစ်ခုပဲရှိတယ်။ ငါးတွေကို စနစ်အသစ်နဲ့ မွေးထားတာဖြစ်ပါတယ်။ ငါးရဲ့ အရည်အသွေးပိုင်းလည်း ကောင်းပါတယ်။ ဈေးနှုန်းကလည်း သက်သက်သာသာနဲ့ တစ်ပိဿာကို ၆၀၀၀ နဲ့ရောင်းချပေးမှာဖြစ်ပါတယ်။

သီတင်းကျွတ်မီးထွန်းပွဲတော်က ကျွန်တော်တို့အတွက် ရိုးရာပွဲတော်ဖြစ်ပါတယ်။ ကျောင်းပိတ်ထားတဲ့ရက်လည်း ဖြစ်တဲ့အတွက် လူငယ်လူကြီးအားလုံး လာရောက်ပြီး လည်ပတ်ဖို့ဖိတ်ခေါ်ပါတယ်။ သွားလာရေး အဆင်ပြေအောင်လည်း ည ၁၀ နာရီအထိ၊ မြို့နယ်အသီးသီးကို ပြန်နိုင်ဖို့ YBS ယာဉ်တွေကို စီစဉ် ဆောင်ရွက်ပေးထားပါတယ်။ ညနေပိုင်းဆိုရင် ၆ နာရီကနေ ညပိုင်း ၁၀ နာရီအထိ ရုပ်ရှင်၊ ဂီတနာမည်ကြီးအနုပညာရှင်တွေက နေ့စဉ်ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ စတုဒိသာ ကျွေးမွေးဖို့အပိုင်းက မနက်ပိုင်းနဲ့ ညနေပိုင်းအတွင်း တစ်နေ့တာကို ဒံပေါက် အထုပ် ၆၀၀၀ ကျွေးမွေးပေးသွားမှာဖြစ်ပါတယ်။ စတုဒိသာ အကျွေးအမွေးအစီအစဉ်လည်း ပါပါတယ်။ ဒီပွဲတော်ကို ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာတိုးနန္ဒာတင်**
**အကြီးတန်းဒုတိယဥက္ကဋ္ဌ၊**
**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်**

ကျွန်မတို့ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ပြည်သူတွေအတွက်ဆိုရင် ပညာပေးရယ်၊ တကယ်တမ်းလုပ်နေတဲ့ လုပ်ငန်းတွေလည်းရှိတယ်။ ပုစွန်တို့၊ ကဏန်း၊ ငါးရှဉ့်တို့ အဲဒါတွေအားလုံးကို အကုန်လုံးပြသနိုင်ဖို့၊ ပြည်သူလူထုသိအောင်လို့ပါ။ ကျွန်မတို့ ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ရှင်းလင်းချက်တွေ၊ လက်ရှိ ရှိနေတဲ့ ရေလုပ်ငန်းကဏ္ဍရယ်၊ နောက်ပြီး တိုးတက်အောင် ဘာလုပ်မလဲဆိုတဲ့ ရှင်းလင်းချက်တွေကို တစ်ခါတည်း ဗီဒီယိုကလစ်နဲ့ ပြသထားပါတယ်။ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ဘာတွေလုပ်နေတယ်၊ ပြီးရင် ဘာတွေလုပ်ကြမလဲဆိုတာတွေကို လူတိုင်းသိသွားမှာပါ။ ငါးထုတ်နေတဲ့ကုမ္ပဏီတွေ၊ ဥပမာ ငါးနီတူခြောက်တို့၊ ဒါတွေကို ရောင်းလည်းရောင်းတယ်၊ ပြလည်းပြထားတယ်။ ငါးကနေ လုပ်တဲ့ ငါးအသားလုံးလေးတွေ၊ ငါးကိတ်တို့၊ ငါးအသားချောင်းတွေကို ရောင်းပေးနေတယ်။ အဲဒါတွေကိုလည်း ကြော်ပြီး ရောင်းပေးတယ်။ အထုပ်လိုက်လည်းရောင်းပေးတယ်၊ တော်တော်များများ ဝယ်ကြပါတယ်။ ငါးနဲ့ ပတ်သက်ရင် အဓိကက ငါးတန်ကို အခုပွဲတော်မှာ တစ်ကောင်ကို ၃၀၀၀ နဲ့ခွဲပြီး ဆေးကြောပြီးသားကို ပြည်သူလူထုကို ဈေးသက်သက်သာသာနဲ့ရောင်းပေးပါတယ်။ ကျွန်မတို့ ငါးလုပ်ငန်းအဖွဲ့ချုပ်က နေ့စဉ် စတုဒိသာကျွေးပါမယ်။ ဒါနပြုပါမယ်။

**ဒေါ်ဇာခြည်ဌေး**
**ဒါရိုက်တာ၊ Global Earth Agro & Aqua Industry Public Company Limited**

ဒီပြပွဲမှာ ကျွန်မတို့မွေးမြူထားတဲ့ Fresh Silver Dory Fish နဲ့ပတ်သက်ပြီး အသေးစိတ်ပြသသွားမှာဖြစ်ပါတယ်။ ဒီငါးကို ပုံမှန် သမားရိုးကျငါးမွေးမြူတာနဲ့ ဘယ်လိုမျိုးတွေ ကွာခြားလဲ၊ နောက်ပြီး ထုတ်ကုန်တွေကို ဘယ်လိုမျိုး ပြန်ပြီးတော့ ပြုပြင်ပြီး စားသုံးလို့ရလဲပေါ့။ ဆန်းဆန်းပြားပြားလေးတွေ အများကြီးပါပါတယ်။ ဗဟုသုတရစေတာလည်း အများကြီးပါပါတယ်။ အဲဒီငါးအကြောင်းကို သားစပေါက်တဲ့အချိန်ကစပြီး ချက်ပြုတ်ဖို့အဆင့်ထိ ထုတ်လုပ်တဲ့ပစ္စည်းအထိ အစအဆုံးပြသပေးသွားမှာပါ။ အခု ကျွန်မတို့ထုတ်တဲ့ပစ္စည်း သုံးမျိုးမှာ တစ်မျိုးက ဈေးကွက်အနေနဲ့ ပုံမှန်ငါးနဲ့ မတူဘဲ လတ်လတ်ဆတ်ဆတ် အနံ့အသက်မရှိဘူး။ နောက်တစ်မျိုးက အေးခဲထားတဲ့ပစ္စည်း၊ အိမ်ရောက်တဲ့အခါ ငါးမိနစ်ကနေ ၁၀ မိနစ်အတွင်း ဟင်းတစ်ခွက်အဖြစ် ဖန်တီးလို့ရတယ်။ အဲဒီလို ပုံစံမျိုးနဲ့ ဟင်းအမယ် မျိုးစုံ၊ မြန်မာဟင်း ပုံစံမျိုးလည်းရှိတယ်။ နောက်ပြီး ပေါင်မုန့်ကတ်တွေနဲ့ လုပ်ထားတဲ့ မုန့်လိုသဘောမျိုး အကြော်လေးတွေလည်းရှိတယ်။ အကင်သဘောလိုမျိုး လုပ်စားလို့ရတာလည်း ရှိတယ်။ ငါးဖယ်လုံးလိုမျိုး လုပ်ထားတာလည်းရှိတယ်။ ပုံစံတော်တော် အမျိုးစုံစုံလင်လင် ပြသထားပါတယ်။ ဈေးနှုန်းလည်း အသင့်အတင့်လေး ရှိပါတယ်။ အရည်အသွေးအားဖြင့် လုံးဝကို လတ်လတ်ဆတ်ဆတ်လေးဖြစ်နေရမယ်။ အရသာလည်းရှိရမယ်။ လွယ်ကူမှုလည်း ရှိရမယ်။ အဲဒီလိုပုံစံမျိုးနဲ့ ရောင်းချတာဖြစ်ပါတယ်။ ပြပွဲကာလမှာလည်း ငါးနဲ့ပတ်သက်ပြီး ပရိုမိုးရှင်းကာလအနေနဲ့ လက်ဆောင်ပစ္စည်းအနေနဲ့လည်း ဝယ်ယူတဲ့အခါ ကံစမ်းမဲလေးတွေလည်း လုပ်ပေးသွားပါမယ်။ ပြပွဲကို လာရောက်ကြည့်ရှုပါလို့ ဖိတ်ခေါ်ချင်ပါတယ်ရှင့်။

**ဒေါက်တာခင်သော်တာဝင်း**
**ဒုတိယညွှန်ကြားရေးမှူး၊**
**ရန်ကုန်တိုင်းစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**

ကျွန်မတို့ လက်ရှိကျင်းပပြုလုပ်နေတဲ့ ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်ကျင်းပရတဲ့ ရည်ရွယ်ချက်က နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်တွင်းထုတ်ကုန်တွေ အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်တွေကို အားပေးမြှင့်တင်ရန်၊ ပြည်တွင်း ထုတ်ကုန်တွေကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်ရန် လမ်းညွှန်ချက်တွေအပေါ် အထောက်အကူဖြစ်စေမယ့် ကဏ္ဍတစ်ရပ်နဲ့အညီ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ စက်မှုထုတ်ကုန်များနဲ့ MSME ထုတ်ကုန်များကို ပြသရောင်းချတာဖြစ်ပါတယ်။ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်တိုင်တိုင် ခင်းကျင်းပြသရောင်းချသွားမှာဖြစ်ပါတယ်။ နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်တွေ အပါအဝင် E-Sport ဂိမ်းပြိုင်ပွဲတွေ၊ စတုဒိသာကျွေးမွေးခြင်းတွေ၊ ရုပ်ရှင်၊ သဘင်နဲ့ ဂီတနယ်ပယ်က ကျော်ကြားလျက်ရှိတဲ့ အနုပညာရှင်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ DJ၊ Dancer တွေနဲ့ ဖျော်ဖြေတင်ဆက်မှုတွေကို ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပြီး ဆန်၊ ဆီ၊ ကြက်ဥနဲ့ ဟင်းသီးဟင်းရွက် စတဲ့အခြေခံစားသောက်ကုန်တွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန်တွေ၊ UMFCCI နဲ့ ညီနောင်အသင်းတွေဖြစ်တဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ MSME လုပ်ငန်းရှင်တွေ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ လူငယ်စွန့်ဦးတီထွင်သူများအသင်း၊ ကွန်ပျူတာအသင်းချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ အသေးစားနှင့်အလတ်စား လုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့က ထုတ်ကုန်အရောင်းပြခန်းများနဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ရေထွက်ပစ္စည်းပြခန်းနဲ့ ဆိုင်ခန်းများစတဲ့ဆိုင်ခန်းတွေပါဝင်ပြီး အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်မှ လာရောက်ပြသတဲ့ ပြခန်းတွေအနေနဲ့ ကချင်ပြည်နယ်က သုံးခန်း၊ ပဲခူးတိုင်းဒေသကြီးက ငါးခန်း၊ မန္တလေးတိုင်းဒေသကြီးက နှစ်ခန်း၊ ရှမ်းပြည်နယ်က ငါးခန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက တစ်ခန်းနဲ့ ဧရာဝတီတိုင်းဒေသကြီးက နှစ်ခန်း ပါဝင်တာကြောင့် စားသောက်ဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၅၀၀ ခန့်နဲ့ ပြသရောင်းချလျက်ရှိပါတယ်။ ပွဲတော်ကို လာရောက်ပြီးတော့ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသထားတာဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ အလှပန်းခင်းနဲ့ အလှမီးထွန်းပွဲကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရေး၊ ထုတ်လုပ်ပြသရောင်းချသူတွေ အနေနဲ့လည်း အဆင်ပြေချောမွေ့စွာ ပြသရောင်းချနိုင်ခြင်းတို့ဖြင့် အကျိုးအမြတ်များရရှိစေဖို့ အတွက် လာရောက် ဝယ်ယူအားပေးကြဖို့ ဖိတ်ကြားအပ်ပါတယ်။

**ဒေါ်သန်းသန်းစိုး**
**ပြပွဲလာရောက်သူတစ်ဦး**

ဈေးပွဲတော်ရှိလို့ ကြည့်မြင်တိုင်ကနေလာတာပါ။ အခုဒီမှာ ဆီရောင်းနေတာတွေ့လို့ အပြင်ထက် ဈေးသက်သာတာနဲ့ အရင်ဆုံး ဆီဝယ်လိုက်တယ်။ နောက်ပြီးမှ ပြခန်းတွေ၊ ဆိုင်ခန်းတွေကို သွားကြည့်မယ်။ တခြားသူတွေကို ဒီပွဲတော်ကို လာရောက်ကြည့်ရှုဝယ်ယူအားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

**မောင်သောင်းဝင်း(တမန်ဟောင်း)**



အတုမရှိသော ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတ ဉာဏ်တော်ရှင်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ထို့နောက် သတ္တမမြောက်ဝါတွင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထား၍လောကဓာတ်တစ်သောင်းမှရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ ထိုစဉ်က မြတ်စွာဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သားကို အဘိဓမ္မာဒေသနာဖြင့် ကျေးဇူးဆပ်ရန် ခြေလှမ်းနှစ်လှမ်းဖြင့်သာ တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူခဲ့သည်။

**အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြား**

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလကာလပတ်လုံး နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြားတော်မူနေစဉ်အတွင်း ဆွမ်းခံချိန်ရောက်တိုင်း နိမ္မိတရုပ်ပွားဘုရားတစ်ဆူကို ဖန်ဆင်း၍ ထားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံကြွတော်မူပြီး အနောတတ်အိုင်သို့ ပြန်ကြွ၍ ဆွမ်းဘုဉ်းပေးကာ စန္ဒကူးတောသို့ဝင်စဉ် ရှင်သာရိပုတ္တရာမထေရ်သည် အလျင်အမြန်လာရောက်ပြီး နေ့စဉ်ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုစုတော်မူသည်။ ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာတို့အား ဟောကြားတော်မူခဲ့သည့် အဘိဓမ္မာတရားတော်ကို အကျဉ်းနည်းဖြင့် ရှင်သာရိပုတ္တရာမထေရ်အား ဟောကြားတော်မူခဲ့သည်။

ထို့နောက် ရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားထံမှ နာကြားခဲ့ရသည့် အဘိဓမ္မာတရားတော်ကို မဇ္ဈိမဒေသရှိ တပည့်ရဟန်းငါးရာတို့အား မကျဉ်းမကျယ်နည်းဖြင့် ဟောကြားတော်မူခဲ့သည်။ အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်တွင်လည်းကောင်း၊ ရှင်သာရိပုတ္တရာမထေရ်ကို စန္ဒကူးတောတွင်လည်းကောင်း၊ အရှင်သာရိပုတ္တရာမထေရ်က ရဟန်းငါးရာတို့ကို မဇ္ဈိမဒေသ လူ့ပြည်တွင်လည်းကောင်း ဟောကြားတော်မူခဲ့သည့်ကာလမှာ ဝါတွင်းသုံးလကာလဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်ပြီးဆုံးသည်။

**သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိုင်းခြားထား**

မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သည့် တရားတော်တို့ကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိုင်းခြားထားသည်။ ထိုတရားတော်များကို ပိဋကတ်သုံးပုံဟူ၍ ခေါ်သည်။ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာတရားသည် သုတ္တန်တရားတို့ထက် သာလွန်ထူးခြားပြီး နက်နဲခက်ခဲသည်။ မြတ်စွာဘုရားရှင်သည် အဘိဓမ္မာကို နတ်ဗြဟ္မာတို့အား အကျယ်နည်းဖြင့် ဟောကြား၍ အရှင်သာရိပုတ္တရာမထေရ်ကို အကျဉ်းနည်းဖြင့် ဟောကြားသည်။ ထို့နောက် အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားပြီး၍ ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ဖြင့် လူ့ပြည် သင်္ကဿနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် သက်ဆင်းကြွရောက်တော်မူသည်။ ထိုအခါ မင်းနှင့်တကွ ပြည်သူတို့သည် ဆီမီးတန်ဆောင် ထွန်းညှိကာ မြတ်စွာဘုရားအား ကြိုဆိုကြသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင် ပြည်သူတို့သည် သီတင်းကျွတ်လပြည့်နေ့သို့ရောက်သောအခါ ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းပူဇော်ခြင်း ကုသိုလ်ကို ပြုလုပ်လေ့ရှိကြသည်။

မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် သက်ဆင်းကြွရောက်တော်မူ၍ သင်္ကဿနဂိုရ်ပြည်တောင်တံခါးဝ၌ ရပ်တော်မူလျှင် ရှင်သာရိပုတ္တရာမထေရ်လည်း တပည့်သံဃာတော်တို့နှင့်တကွ လာရောက်ကာ မြတ်စွာဘုရား၏ခြေတော်၌ ဦးဖြင့်တိုက်၍ ရှိခိုးပူဇော်ခဲ့သည်။

**ပရမတ္ထဒေသနာတော်**

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် သုတ္တန်ဒေသနာ၊ ဝိနည်းဒေသနာတော်တို့သည် ဒါန၊ သီလတို့၏ အကြောင်းအကျိုးတို့ကိုလည်းကောင်း၊ ရှေးရှေးသောဘဝတို့၌ဖြစ်ခဲ့ဖူးသည့် အနိမ့်အမြင့် ဆင်းရဲချမ်းသာတို့ကိုလည်းကောင်း ဟောတော်မူခြင်းဖြစ်သည်။ အဘိဓမ္မာဒေသနာတော်သည် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ အာရုံ၊ အာရမ္မဏိက၊ ရုပ်၊ နာမ်တရားတို့ကို ခွဲခြမ်းစိတ်ဖြာဟောတော်မူခြင်းဖြစ်သည်။ အဘိဓမ္မာတရားတော်သည် လောကသုံးပါးနှင့် နိဗ္ဗာန်အကြောင်းအရာတို့ကို ပရမတ္ထတရားလေးပါးအဖြစ် ခွဲခြမ်းစိတ်ဖြာကာ သဘာဝတရားများကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာ ဟောကြားတော်မူခဲ့သော ပရမတ္ထဒေသနာတော်ဖြစ်သည်။

အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူခြင်းအားဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်စေနိုင်သည်။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်း အထောက်အပံ့ကောင်းကို ရစေနိုင်သည်။ ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေနိုင်သည်။ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေနိုင်သည့် အကျိုးထူးတရားများကို ရရှိစေနိုင်ပေသည်။ အထူးသဖြင့် မြတ်ဗုဒ္ဓ၏တရားတော်များ နာယူကျင့်ကြံအားထုတ်သူများအနေဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်လျက် ဖြူအောင်စိတ်ကိုထားကာ တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးနိုင်သူများ ဖြစ်ပါစေကြောင်း သီတင်းကျွတ်အခါသမယတွင် ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါသည်။ ။

ကိုးကား။ ဆရာပြေအေးသက်၏ "မိခင်ကျေးဇူး ဘယ်မမေ့ အဘိဓမ္မာအခါတော်နေ့"၊ ၈-၁၀-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် သုတ္တန်ဒေသနာ၊ ဝိနည်း ဒေသနာတော်တို့သည် ဒါန၊ သီလတို့၏ အကြောင်းအကျိုးတို့ကို လည်းကောင်း၊ ရှေးရှေးသောဘဝတို့၌ ဖြစ်ခဲ့ဖူးသည့် အနိမ့်အမြင့် ဆင်းရဲချမ်းသာတို့ကိုလည်းကောင်း ဟောတော်မူခြင်းဖြစ်သည်။ အဘိဓမ္မာဒေသနာတော်သည် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ အာရုံ၊ အာရမ္မဏိက၊ ရုပ်၊ နာမ်တရားတို့ကို ခွဲခြမ်းစိတ်ဖြာ ဟောတော်မူခြင်းဖြစ်သည်။ အဘိဓမ္မာတရားတော်သည် လောကသုံးပါးနှင့် နိဗ္ဗာန်အကြောင်းအရာတို့ကို ပရမတ္ထတရား လေးပါးအဖြစ် ခွဲခြမ်းစိတ်ဖြာကာ သဘာဝတရားများကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာ ဟောကြားတော်မူခဲ့သော ပရမတ္ထဒေသနာတော်ဖြစ်

## သီတင်းအကျွတ်မှာဖြင့်

✻ သီတင်းအကျွတ်မှာဖြင့်
ကင်းလွတ်လာပေါ့ မိုးလေတွေ။
သို့ပေမဲ့ ချမ်းစိမ့်စိမ့်နဲ့
တငြိမ့်ငြိမ့်စွေ။
ပလ္လင်ဆေးမိုး ခေါ်တွင်ပေ
နှုတ်ဆက်နေ သည်ခါမိုး။
ရှာကာလေ ရှာနေဖြိုးတယ်
ငြိုးမာန်ဖွဲ့မိုး။

✻ သီတင်းအကျွတ်မှာဖြင့်
နှင်းဆွတ်တဲ့ လယ်ယာမြေ။
"သန်တူ"ဆို သည်ခါလ
သန်မာလှ စပါးတွေ။
အနှံတွေက ဖြိုးအက်ပေ
စိတ်တွေက ကြိုကာနွဲ့။
စပါးပုံ တောင်နှယ်ကြွားတော့
သားရှင်ပြုပွဲ။

✻ သီတင်းအကျွတ်မှာဖြင့်
ဆင်းမွှတ်တဲ့ မယ်မဒီ။
မိဘပေါ် သဒ္ဓါကိုးလို့
လက်မိုးလို့တည်။
သက္ကစ္စ ဂါရဝမည်
စဉ်လာသည် ဘယ်မညှိုး။
ရှစ်ဦးကို သုံးကြိမ်ချလို့
ဝပ်တွရိုကျိုး။

✻ သီတင်းအကျွတ်မှာဖြင့်
အခင်းလွတ်၍ နားရပြီ။
တူနှစ်ကိုယ် ယှဉ်ကာတွဲ
နွဲ့ကြပျော်မည်။
မီးထွန်းတဲ့ ပွဲမဟာဆီ
ချီကြမည် ဘယ်မနေး။
မီးပုံးတွေ ဟိုသည်ပျံ့လို့
မိုးနှံ့ပေါ့လေး။

✻ သီတင်းအကျွတ်မှာဖြင့်
အလင်းလွှတ်လို့ မီးပူဇော်။
ဘုရားရှင် ကြွရာလမ်း
မှန်းဆပူဇော်။
စောင်းတန်းက သုံးသွယ်နော်
ဖူးမြော်ကာ ကန်တော့ခန်း။
အာရုံရယ် ရည်ကာစူးလို့
ဖူးလို့မဝစတမ်း။

✻ သီတင်းအကျွတ်မှာဖြင့်
အတင်းမလွှတ်ဘဲ ပူဆာဆို။
လူညိုမောင် ကိုလူထွားက
ချစ်အားတွေပို။
နီးကြစို့ အပြောချို
အမောပြို စကားလှ။
မယ်နဲ့မောင် ပူပုံမကြီးစေဖို့
မယ်နဲ့မောင် တူစုံနီးစေတဲ့
လွှမ်းမီးငြိမ်းလ။

ပြေအေးသက်

# စစ်ကိုင်းမြို့ မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေး၌ ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိ

မုံရွာ အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျောက်မျက်ရတနာဈေးကြီး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးထွန်းဝေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်နှင့် Triple Circle Co. Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်မော်မော်သိန်းတို့က မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေးကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောက်မျက်ရတနာဈေးဖွင့်လှစ်နိုင်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေခြင်း၊ ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး ကျောက်အချောထည် ပုတီးလုပ်ငန်းနှင့် လက်ဝတ်ရတနာလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် MSME လုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်ပြီး စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်က မင်္ဂလာစစ်ကိုင်း ကျောက်မျက်ရတနာဈေး စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများနှင့် Triple Circle Co.Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်မော်မော်သိန်းက ဈေးသစ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးကြီးအတွင်းရှိ ဆိုင်ခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ မင်္ဂလာစစ်ကိုင်းကျောက်မျက်ရတနာဈေးသည် ဧရိယာ စတုရန်းပေ ၂၄၆၀၀ အကျယ်တွင် ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ညောင်လေးပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲအခမ်းအနား ကျင်းပ

ညောင်လေးပင် အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လုပ်ငန်းထူထောင်မည့် သင်တန်းသူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက မြို့မဈေးကြီး အတွင်းအပြင် စီမံဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ MNL တန်းဆင်းဇုန်မှ

သန်းတိုးအောင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် သန်းတိုးအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် GFA အသင်းက ၁၁ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း ဂိုးမရှိသရေကျခဲ့သည်။ အဆင့်(၄)နေရာအတွက် အရေးပါသည့်ပွဲတွင် နှစ်သင်းစလုံး မျှတသည့် သရေတစ်မှတ်စီ ခွဲယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ အာကာကျော်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၈)တတိယနေ့အဖြစ် အောက်တိုဘာ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

# ရေကြည်မြို့နယ် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကျင်းပ

ရေကြည် အောက်တိုဘာ ၂၇

ရေကြည်မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် မြို့မဈေးတွင် ယမန်နေ့မွန်းလွဲ ၃ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးက မီးဘေးကြိုတင်ကာကွယ်ရေး အတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးစိုးနိုင်က မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးချိပ်၊ မီးကပ်၊ ရေပုံးများ၊ သဲအိတ်များ ထားရှိရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုလိုက်နာဆောင်ရွက်သွားရေး အသိပညာပေးဟောပြောခဲ့သည်။



ဆက်လက်၍ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အမြန်ဆုံးမီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ ငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

ထားဝယ် အောက်တိုဘာ ၂၇

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထက်နောင်က သင်တန်းကသင်ကြားပေးလိုက်သော သင်ခန်းစာများကို ပိုမိုကျွမ်းကျင်အောင် ဆက်လက်လေ့ကျင့်ကြရန်နှင့် ဆင့်ပွားပေးကြရန် လိုအပ်ကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောသည်။

ထို့နောက် ထားဝယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။



**ငွေဇင်ယော်(ထားဝယ်)**

# ကော့သောင်းခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ



ကော့သောင်း အောက်တိုဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို အောက်တိုဘာ ၂၅ရက်မှ ၂၇ ရက်အထိ စာတွေ့၊ သရုပ်ပြ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီက သင်တန်းဆင်းပွဲအခမ်းအနားကို ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ဗျူဟာအခြေချ ကော့သောင်းမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်သက်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ဆုများရရှိခဲ့သူများနှင့် သင်တန်းသားများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ကာ သင်တန်းဆင်းအမှတ်တရ အကျီများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ် (၈၂) ဟုခေါ်တွင်သော (၁)ခန်းတွဲ (၇)ထပ်တိုက်အနက်မှ (၃-လွှာ)ဒုတိယထပ်၊ အကျယ်အဝန်း (၂၂x၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်နှင်းဆွေ [၁၂/မဂတ(နိုင်)၀၀၉၆၂၁]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အာယေရှာဘေဂေါင် [၁၁/မတန(ပြု)၀၀၃၁၁၄]နှင့် မောင်အာလမ်ရှားတို့က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နီနီဝင်း(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်- ၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉-၇၈၀၀၅၄၀၆၀**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အင်ဒီလတ် ဆိုင်းဂွန်း [၁/မကန(နိုင်) ၁၄၈၂၃၉] ၏ ပတ်စ်ပို့နံပါတ် (MA-389117) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၀၀၄၂၉၇**

## တစ်ဦးတည်း ဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ အထက(၂) Grade-6 မှ မောင်ကောင်းခန့်သူ၏ ဖခင် ဦးသန်းဝင်းစိုး (ခ) မောင်စိုး [၅/ရဘန(နိုင်) ၂၆၇၃၈၂]သည် တစ်ဦးတည်း ဖြစ်ပါသည်။

## "မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက်-၃၊ အခန်း ၃၀၅၊ (၈)လွှာ ခန်းနေ ကျွန်ုပ်မိတ်ဆွေ ဒေါ်အမာဘီ [၁၂/ကတတ(နိုင်)၀၁၀၂၂၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ မြေးဖြစ်သူ ကိုကျော်ဇင်သန်းထွဋ် (ဘ) ဦးသန်းထွဋ် (အမိ)ဒေါ်ခင်မာသန်း [၁၀/မလမ(နိုင်) ၂၄၆၈၉၈] ကိုင်ဆောင်သူသည် ကျွန်ုပ်မိတ်ဆွေနှင့်အတူ နေထိုင်ခဲ့စဉ်အတွင်း ဦးလေး၊ အစ်ကို၊ အစ်မများနှင့် အဘွားဖြစ်သူတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိုက်ရိုင်းစွာ ပြန်လည်ဆဲဆိုပြောဆိုခြင်းများနှင့်အတူ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသည်။ ၂၀၂၃ခုနှစ် ဇူလပိုင်းတွင် ၎င်းသည် ဦးလေးနှင့် အဘွားဖြစ်သူတို့အား အော်ဟစ်ဆဲဆို ခြိမ်းခြောက်ခြင်းများ ပြုလုပ်ပြီးနောက် ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသည့်အတွက် ကျွန်ုပ်မိတ်ဆွေ အပါအဝင် မိသားစုများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ဘဲ ၎င်းအား မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေထံသို့ ဆက်သွယ်အကြောင်းကြားခြင်းများ မပြုလုပ်ပါရန်နှင့် ၎င်း၏ လူမှုရေးအရှုပ်အရှင်း၊ ငွေကြေး အရှုပ်အရှင်းကိစ္စများ ပေါ်ပေါက်လာခဲ့ပါကလည်း ကျွန်ုပ်မိတ်ဆွေ မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာ တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၅၆)(၃၀-၄-၂၀၁၃)**
**အမှတ်(၃၆၃)၊ အခန်း(၄၊ဒီ)၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၇၈၅၆၀၊ ၀၉-၉၇၅၂၁၁၃၁၀**

# သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၁၂၀၈၊ မြေကွက်တည်နေရာအမှတ်- ၁၂၀၈၊ ကော့သောင်းလမ်း၊ ၁၈ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးအပ္ပနား (AG-၃၁၀၂၈၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးအပ္ပနား(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်- ၃၃၀၁/၂၀၂၃(၂၈-၃-၂၀၂၃)ဖြင့်(၁)ဦးမောင်နီ၊ (၂)ဒေါ်ကြည်ကြည်မာ၊ (၃)ဦးခင်အေး၊ (၄) ဒေါ်ဌေးဌေးမာ၊ (၅) ဦးကျော်ကျော်၊ (၆)ဒေါ်ဝေဝေမာ၊ (၇) ဒေါ်ရီရီမြိုင်၊ (၈) ဒေါ်တင်တင်သိန်း၊ (၉) ဒေါ်တင်သိန်းဦး၊ (၁၀)ဒေါ်အေးသန္တာ၊ (၁၁) ဒေါ်အေးစန္ဒာ၊ (၁၂) ဒေါ်လှဲ့လှဲ့အေးခိုင်၊ (၁၃) ဦးထူးထူးထွန်းလင်းအောင်တို့မှ ပိုင်ဆိုင်ခဲ့ပါသည်။ (၁) ဦးမောင်နီ [၁၂/မဂတ(နိုင်)၀၇၄၅၈၃]၊ (၂) ဒေါ်ကြည်ကြည်မာ[၁၂/မဂတ(နိုင်)၀၇၃၄၄၅]၊ (၃)ဒေါ်ဌေးဌေးမာ [၁၂/မဂတ(နိုင်)၀၀၇၈၉၄]၊ (၄)ဦးကျော်ကျော် [၁၂/မဂတ(နိုင်)၀၇၀၁၉၈]တို့၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၈၆၇၁/၂၀၂၁ (၅-၁၁-၂၀၂၁)ဖြင့်လည်းကောင်း၊ (၁)ဒေါ်ဝေဝေမာ [၁၂/မဂတ(နိုင်)၀၇၃၆၅၀]၊ (၂)ဒေါ်ရီရီမြိုင် [၁၂/မဂတ(နိုင်)၀၇၆၁၁၈]၊ (၃)ဒေါ်တင်တင်သိန်း[၁၂/မဂတ(နိုင်)၀၇၆၁၁၉]၊ (၄)ဒေါ်တင်သိန်းရီ [၁၂/မဂတ(နိုင်)၀၇၆၁၁၅]တို့၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၈၁၄၅/၂၀၂၁(၂၈-၁၀-၂၀၂၁)ဖြင့်လည်းကောင်း၊ (၁) ဒေါ်အေးသန္တာ (MTNT-029940)၊ (၂)ဒေါ်အေးစန္ဒာ(MTNT-029599)၊ (၃)ဒေါ်လှဲ့လှဲ့အေးခိုင် (MTNT-029941)၊ (၄)ဦးထူးထူးထွန်းလင်းအောင် [၁၂/မဂတ(နိုင်)၀၉၆၁၃၈] တို့၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၈၁၄၄/၂၀၂၁(၂၈-၁၀-၂၀၂၁)ဖြင့်လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခင်အေး [၁၂/မဂတ(နိုင်)၀၆၃၆၆၉](ကိုယ်တိုင်)မှ နှစ်(၆၀)ဂရန်မူရင်းမှာ အထားအသို မှားယွင်းမှုကြောင့် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့မရဲစခန်း ထောက်ခံချက်၊ နှစ်(၆၀)ဂရန်မူရင်းမှာ မိမိတို့၏လက်ထဲတွင် ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ မြေကွက်အား အခြားသူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ ပေးကမ်း၊စွန့်လွှတ်၊ လှူဒါန်း၊ အာမခံ၍ ငွေချေးထားခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်း လုံးဝမရှိပါကြောင်း၊ ဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာ အမှတ်- ၂၈၁၅/၂၃(၃၀-၃-၂၀၂၃)၊ နှစ်(၆၀)မြေငှားစာချုပ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများ၊ ကိုယ်စားလှယ်လွှဲသူတို့သည် ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၈၁၄/၂၃ (၃၀-၃-၂၀၂၃)ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာကြော်ငြာဆောင်ရွက်ပြီး၊ GP ဦးခင်အေး(ကိုယ်တိုင်)၏ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း(Town Land Roll)တွင် မြေငှားစာချုပ်အမှတ်- ဒဂတ/၁၈/မမ/၂၆၃ (၂-၁-၁၉၉၅) တွင်ထုတ်ပေးထားသည့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းအား ရုံးတွင်းအမိန့်အမှတ်- (၃၃၀၈/၂၀၂၃) ဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဦးခင်အေး (ကိုယ်တိုင်)၏ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒုတိယအကြိမ် ဆီစက်ချေးငွေအဆိုပြုလွှာအတွက် ပိတ်သိမ်းမည့်ရက်တိုးမြှင့်ကြောင်း ကြေညာခြင်း

၁။ ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်စေရန်နှင့် အရည်အသွေးမီ စားသုံးဆီများ ထုတ်လုပ်ရန်ရည်ရွယ်၍ ပြည်တွင်းဆီစက်များတိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီဆီစက်အသစ်များ တည်ဆောက်ခြင်းတို့အတွက် ဒုတိယအကြိမ် ဆီစက်ချေးငွေအဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်းနှင့် အဆိုပြုလွှာအတွက် ပိတ်သိမ်းမည့်ရက်မှာ (၂၃-၁၀-၂၀၂၃) ရက်နေ့ ဖြစ်ကြောင်း (၂၄-၉-၂၀၂၃) ရက်နေ့နှင့် (၁-၁၀-၂၀၂၃) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ ယခုအခါ ဒုတိယအကြိမ် ချေးငွေအဆိုပြုလွှာအတွက် ပိတ်သိမ်းမည့်ရက်ကို တိုးမြှင့်၍ (၂၃-၁၁-၂၀၂၃)ရက်နေ့အဖြစ် ပြောင်းလဲသတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**ဆီစက်လုပ်ငန်းများ၏ချေးငွေလိုအပ်ချက်ကို**
**လေ့လာသုံးသပ်တင်ပြရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ၊ ရှမ်းပြည်နယ် (အရှေ့/တောင်) ၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တောင်ကြီးသစ်ထုတ်ရေးဒေသမှ သစ်မာတန် (၆၀၀၀) အား ရပ်စောက်မြို့နယ်၊ နောင်ဝိုးကြိုးဝိုင်းမှ ရပ်စောက်မြို့ရှိ မွေတော်သစ်ဆိပ်သို့ လည်းကောင်း၊ သစ်မာတန် (၅၀၀၀)အား ပင်လောင်းမြို့နယ် ပေါင်းလောင်းကြိုးဝိုင်း သစ်ကွက်အမှတ် (၁၄၆၊ ၁၄၇၊ ၁၅၀) မှ တပ်ကုန်းမြို့နယ်ရှိ ကင်းသာသစ်ဆိပ်သို့ လည်းကောင်း (၁) တန် အရောက်ဈေးနှုန်းဖြင့် ဝန်ဆောင်မှုရယူခြင်း၊ လွိုင်လင် သစ်ထုတ်ရေးဒေသမှ သစ်မာတန် (၉၀၀၀)အား မိုင်းကိုင်မြို့နယ်၊ မိုင်းယွန်း/မိုင်းလန်း ကြိုးဝိုင်းမှ ရပ်စောက်မြို့ရှိ မွေတော်သစ်ဆိပ်သို့ (၁)တန်အရောက်ဈေးနှုန်းဖြင့် ဝန်ဆောင်မှုများ ရယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၃-၁၀-၂၀၂၃ ရက်နေ့မှ ၉-၁၁-၂၀၂၃ ရက်နေ့ထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပိတ်မည့်ရက် | - | ၁၀-၁၁-၂၀၂၃ ရက်နေ့ (ညနေ ၄:၃၀ နာရီ ) |
| ၄။ | တင်ဒါဖွင့်မည့်ရက် | - | ထပ်မံအကြောင်းကြားပါမည်။ |
| ၅။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - | မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ တောင်ကြီးမြို့ |

၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တောင်ကြီးမြို့ရှိ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ် (အရှေ့/တောင်)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ရုံးချိန်အတွင်း လာရောက်မေးမြန်းနိုင်ပါသည်။ (ဖုန်းနံပါတ် - ၀၈၁ ၂၁၂၁၅၆၀)

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅ သမိုင်း၊ မြေကွက်အမှတ်-၂/ဧ-၁၊ ဧရိယာ (၀.၃၀၁) ဧက၊ မြေကွက်တည်နေရာအမှတ် (၃၅/က)၊ ပြည်လမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကျင်သိန်း [၁၂/လမတ(နိုင်) ၁၀၄၁၈၈]၊ ဒေါ်ကျင်သိန်း [၁၂/လမတ(နိုင်) ၀၀၄၁၈၉] အမည်ပေါက် B-လ/န ၃၉ မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျင်သိန်း ခင်ပွန်းသည် ၂-၈-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်သိန်း [၁၂/လမတ(နိုင်) ၀၀၄၁၈၉] (H/RGN-၀၃၄၆၅၆) မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကွယ်လွန်သူ ခင်ပွန်း ဦးကျင်သိန်း၏ ပိုင်ဆိုင်ခွင့်အစုအား မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၃၁၈၁/၂၀၂၃ (၁၅-၈-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၆

ကွယ်လွန်သူ ဦးစိုးမင်းနှင့် ဒေါ်သန်းသန်းနွဲ့၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်-၁၄ တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးမင်းနှင့် ဒေါ်သန်းသန်းနွဲ့၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူဖြစ်သည့် ဒေါ်ဆွေဆွေလတ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ရက်) ရက်နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူဖြစ်သည့် ဒေါ်ဆွေဆွေလတ် ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကမာရွတ်ခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်ုပ်၏မိတ်ဆွေ **မောင်ဝေလှိုင်ဦး** (ဘ) ဦးအောင်နိုင်ဦး၊ (၉/စကတ (နိုင်) ၁၂၇၆၀၀) ကိုင်ဆောင်ထားသော **နိုင်ငံကူးလက်မှတ် (Passport)** စာအုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ကြည်ကြည်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ [စဉ်-၁၇၄၇၉]**

အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၄၂၁၁၂၄၃၅၂၊ ၀၉-၇၈၆၂၀၃၁၅၅

## ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

(၁၆-၉-၂၀၂၃) နေ့စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ဘီးလင်းမြို့နယ် တရားလွှတ်တော်ရှေ့နေ ဦးဝင်းရွှေမှ ကြေညာထည့်သွင်းထားသော "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"အား ခြံပိုင်ရှင် ဒေါ်နန်းခင်ဝင်းစိန်(ဘ) ဦးစောဖေမှ သတင်းစာကြေညာချက်အား ယနေ့မှကြေညာတွေ့ရှိရသဖြင့် ထိုသတင်းစာကြော်ငြာစာအား ကန့်ကွက်ကြောင်း အများသိရှိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဗိုလ်တေဇရပ်ကွက်၊ အုပ်စု(၁)ရှိ ခြံ၏အရှေ့ဘက်တွင် နတ်ကြီး-ဖာပွန်ကားလမ်းမ၊ ခြံ၏အနောက်ဘက်တွင် ဒေါ်ဝေစီ၏အိမ်ခြံ၊ ခြံ၏တောင်ဘက်တွင် နိဗ္ဗာန်လမ်း၊ ခြံ၏မြောက်ဘက်တွင် ဒေါ်လုံးပု၏အိမ်ခြံအနားလေးရပ်အတွင်း တည်ရှိသောအလျား (၆၀)ပေ၊အနံ (၈၀)ပေ၊အကျယ်အဝန်းရှိ ခြံမြေနှင့်ခြံမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဦးဝင်းကြည်(ဘ) ဦးသိန်းဖေ [၁၀/သထန(နိုင်)၀၂၂၄၁၄]နှင့်ဒေါ်နန်းတင်ရွှေ(ဘ)ဦးစောဖေ [၁၀/ဘလန (နိုင်) ၀၆၆၁၇၈]တို့မှ (၂၈-၁၂-၂၀၂၀)ရက်နေ့စွဲဖြင့် ညီမဖြစ်သူ ဒေါ်နန်းခင်ဝင်းစိန် (ဘ) ဦးစောဖေ[၁၀/သထန(နိုင်)၁၄၅၆၈၃]အား မိဘအမွေခြံရောင်းချပြီး ဒေါ်နန်းခင်ဝင်းစိန်ရရှိမည့် အမွေဝေစုငွေအစားပြန်ဝယ်ပေးခြင်းသာဖြစ်ပါသည်။ ကြော်ငြာစာတွင်ပါသကဲ့သို့ မေတ္တာဖြင့်ပေးကမ်းခဲ့ခြင်းမဟုတ်ပါ။ အခြားမောင်နှမများလည်း မိဘအမွေအသီးသီးရရှိကြပြီးဖြစ်ပါသည်။ ဒေါ်နန်းတင်ရွှေမှညီမဖြစ်သူ ဒေါ်နန်းခင်ဝင်းစိန်ရရှိသည့်အမွေပစ္စည်းကို ပေးခြင်းသာဖြစ်ပြီး မေတ္တာဖြင့် ၎င်းပိုင်ပစ္စည်းအား ပေးကမ်းခြင်းမဟုတ်ပါကြောင်း ဒေါ်နန်းခင်ဝင်းစိန်မှ ကန့်ကွက်ပါသည်။ ဒေါ်နန်းခင်ဝင်းစိန်၏ မောင်ဖြစ်သူ ဦးကျော်သိန်း(ဘ)ဦးစောဖေမှ မေတ္တာဖြင့် ပေးကမ်းခြင်း စာချုပ်ကိုလက်ခံယူခဲ့ခြင်းသာ ဖြစ်ပါသည်။ ဒေါ်နန်းခင်ဝင်းစိန်က လက်ခံရယူခဲ့ခြင်းမရှိပါ။ အမွေစား ဒေါ်နန်းခင်ဝင်းစိန် မှ မိမိရရှိ သော မိဘအမွေအဖြစ်သာ လက်ခံသိရှိခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၆-၉-၂၀၂၃)နေ့စွဲပါ ကြော်ငြာစာအား ကန့်ကွက်ပါကြောင်းနှင့် ဒေါ်နန်းခင်ဝင်းစိန် အမွေရရှိသောအထက်ပါ အနားလေးရပ်အတွင်းရှိ ခြံမြေအား မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းဝယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်တားမြစ်ပါကြောင်းနှင့်အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**ခြံပိုင်ရှင်**
**ဒေါ်နန်းခင်ဝင်းစိန်(ဘ)ဦးစောဖေ**
**[၁၀/သထန(နိုင်)၁၄၅၆၈၃]**
**မရမ်းချောင်း(၄)လမ်း၊ ဘင်လှိုင်ရပ်ကွက်၊ သထုံမြို့။**
**ဖုန်း - ၀၉-၆၉၆၅၅၉၅၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ည၊ မြေကွက်အမှတ်- ၂၂၆/ခ၊ ၁၀၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၂၂၆/ခ)၊ သုဓမ္မာလမ်း၊ (ည)ရပ်ကွက် ဦးချစ်ဦး [၁၂/လမတ(နိုင်) ၀၁၉၅၁၉]၊ ဒေါ်ခင်မာဝင်း(ခ)ငင်မဝင်း [၁၂/လမတ(နိုင်)၀၁၇၈၉၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက်များဖြစ်သည့် ဦးချစ်ဦး(ဖခင်)သည် (၁၉-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်မာဝင်း(ခ)ငင်မဝင်း (မိခင်)သည် (၂၁-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်သွယ်မာဦး [၁၂/လမတ(နိုင်) ၀၂၉၄၅၅]၊ ဦးကျော်ဇေယျာဦး [၁၂/လမတ(နိုင်)၀၃၀၂၆၆]၊ ဦးဝေယံချစ်ဦး [၁၂/လမတ(နိုင်)၀၃၁၁၅၇]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သား/သမီး (၃)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၄၃၂/၂၀၂၃/၂၁-၆-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ ဂရန်မူရင်း၊ အမည်ပေါက်တို့မှ (၂၀၁၅)ခုနှစ်တွင် ဘဏ်ငွေချေးရန်အတွက် မြေပုံ မြေရာဇဝင်မူရင်းကို လျှောက်ထားထုတ်ယူခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ၎င်းဘဏ်ချေးငွေများအား (၂၂-၄-၂၀၂၀) ရက်နေ့တွင် ကြွေးကျန်လုံးဝမရှိဘဲ ဘဏ်သို့ အပြေအကျေ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀) ဂရန်မူရင်းနှင့် တကွ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်း၊ မြေပုံ မြေရာဇဝင် မူရင်းတို့ကိုလည်း ဘဏ်မှ ပြန်လည်ရွေးနုတ်ထုတ်ယူခဲ့ပြီးဖြစ်သည်မှာ မှန်ကန်ပါကြောင်း၊ ဘဏ်ငွေချေးရန် မှတ်ချက်ပါသည့် မြေပုံ မြေရာဇဝင်မူရင်းမှာ ဘဏ်မှပြန်လည်ထုတ်ယူခဲ့ပြီးနောက် လက်ဝယ်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ နှစ်(၆၀) ဂရန်မူရင်းမှာလည်း မိမိတို့လက်ဝယ်ရှိပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိတို့ကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်- ၄၃၀/၂၀၂၃/၃-၈-၂၀၂၃ တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “အများသိစေရန် ကြော်ငြာခြင်း”

ဒေါ်သူသူအောင် [၈/မကန(နိုင်)၁၆၃၄၀၃] ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ တိုက်အမှတ်(၁၃)၊ အခန်း(4B)၊ (လှေကားမှတက်လျှင် လက်ယာအခန်း)ကို (၂-၁-၂၀၂၃) ရက်နေ့တွင် ကျွန်တော် ဦးခင်မောင်ဖြူဝင်းထိန် [၇/သဝတ(နိုင်)၀၀၈၁၂၆]မှ အပြီးအပိုင် ဝယ်ယူပြီးပါ၍ ကျွန်တော် ဦးခင်မောင်ဖြူဝင်းထိန် [၇/သဝတ(နိုင်)၀၀၈၁၂၆] ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြော်ငြာပါသည်။ ဤအခန်းနှင့် ပတ်သက်၍ ကျွန်တော်ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုပါက ယခုကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ဤသတင်းစာမှ အထောက်အထား ပြည့်စုံစွာဖြင့် တရားဝင် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။ (၇)ရက်ကျော်လွန်ပါက လုံးဝဖြေရှင်းမည်မဟုတ်ပါ။

**အများသိရန်ကြေညာသူ**
**ခင်မောင်ဖြူဝင်းထိန်**
**[၇/သဝတ(နိုင်)၀၀၈၁၂၆]**
**ဖုန်း-၀၉-၅၀၃၂၃၉၈၊ ၀၉-၅၁၆၇၃၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၁၃၄၀၊မြေကွက်တည်နေရာအမှတ်-၁၃၄၀၊(၃၆)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးထွန်းရီ(၁၂/ဥကတ(နိုင်)၀၆၈၀၉၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးထွန်းရီထံအရောင်းအဝယ်စာချုပ်အမှတ်(မိတ္တူမှန်)-၆၂၃၁/၁၉၉၇(၁၅-၁၂-၁၉၉၇)ဖြင့်ဝယ်ယူသူဒေါ်စန်းမြ(၁၂/ဗဟန(နိုင်)၀၀၅၆၄၅)၊ဒေါ်နီနီအေး(၁၂/ဗဟန(နိုင်)၀၀၆၁၁၄)၊ဒေါ်မျိုးကြည်ဖြူ(၁၂/ဗဟန(နိုင်)၀၀၆၂၁၇)တို့မှဖော်ပြပါအရောင်းအဝယ်စာချုပ်အမှတ်(မိတ္တူမှန်)၊ဂရန်မိတ္တူ၊ဂရန်မူရင်းပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာအမှတ်-၇၅၂/၂၀၂၂(၅-၇-၂၀၂၃)၊ရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်၊၀bj၊ဝန်ဆောင်ခတို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် (ပပ-၂၉)၊ ဦးပိုင်အမှတ် (၁၀+၁၁)၊ ၅၆x၅၇ ကြား၊ ယောမင်းကြီးနှင့် သခင်ဖိုးလှကြီးကြားရှိ ဦးဝင်းလှိုင် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်လွင်လွင်မျိုးက တရားပြိုင် ဦးဝင်းလှိုင်အပေါ် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၉၀/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်လွင်လွင်မျိုး [၉/ပသက(နိုင်)၀၈၉၂၂၈] က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဃရပ်ကွက်၊ အကွက်အမှတ် ဗ-၉၊ ဦးပိုင်အမှတ်(၁၆-ခ)/၅၈-B၊ မြဝတီမင်းကြီးx၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်းဦးမြသောင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၂၄၇/၂၀၂၃)အရ ပိုင်ဆိုင်ခဲ့သူဇနီးဒေါ်မြရင်[၉/မနမ(နိုင်)၀၂၈၃၆၂]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၈၆/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးခိုင်[၉/ဝတန(နိုင်)၀၀၆၈၈၈]က မြေကွက်၏ဂရန်မူရင်း၊ မြေချထားမိန့် မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲ ဖွင့်လှစ်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်၂၄၉၊ ဦးပိုင်အမှတ်(၂၀)/၂၉လမ်း၊ ၈၇x၈၉လမ်းကြားရှိ ဦးထွန်းကြည် အမည်ပေါက်ဘိုးဘမြေကွက်အား ဖခင်ဦးထွန်းကြည်၊ မိခင်ဒေါ်မြခင်၊ သားဦးမျိုးညွန့်၊ သားဦးသန်းဆွေ၊ သားဦးရာသိန်း(လူပျိုဘဝ)၊ သားဦးရဲစိန်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးမြေးမများဖြစ်ကြသော ဒေါ်ခင်နွဲ့မူ[၅/ကသန(နိုင်)၀၂၄၁၃၆]၊ ဒေါ်မြင့်မြင့်သန်း[၁၃/ကမန(နိုင်)၀၁၁၂၇၇]၊ ဦးလှရွှေ[၉/မနတ(နိုင်)၀၄၂၁၀၁]၊ ဦးငွေလုံး[၉/မနတ(နိုင်)၀၃၂၇၇၂]၊ ဒေါ်ကြည်မြ[၉/မနတ(နိုင်)၀၇၁၁၂၀]၊ ဒေါ်ကြည်လှ[၉/မနတ(နိုင်)၀၃၂၇၇၄]၊ ဒေါ်စန်းစန်းအေး[၉/အမဇ(နိုင်)၀၂၃၃၉၇]၊ ဦးစိန်တင့်[၉/မနတ(နိုင်)၀၀၅၁၂၃]၊ ဒေါ်မိမိခိုင်[၉/မနတ(နိုင်)၀၀၅၁၂၄]တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်၅၃၈၊ ဦးပိုင်အမှတ်(၆၄-ခ)/၈၃x၈၄ကြား၊ ၃၇လမ်းရှိ ဒေါ်ခင်တင့် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးစိန်လှ၊ မိခင်ဒေါ်ခင်တင့်၊ သားဦးရဲမြင့်(လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ဖြူဖြူဝင်း[၁၂/လကန(နိုင်)၀၃၁၃၀၈]၊ ဒေါ်မူမူလွင်[၉/မရတ(နိုင်)၀၆၂၇၃၇]၊ ဒေါ်အေးအေးမြင့်[၉/မရတ(နိုင်)၀၆၂၇၃၈]၊ ဒေါ်သီတာနွယ်[၉/မရတ(နိုင်)၀၆၂၇၃၅]၊ ဦးအောင်မြင့်[၉/မရတ(နိုင်)၀၆၃၄၆၃]၊ ဦးအောင်ကျော်[၉/မရတ(နိုင်)၀၆၃၄၆၄]၊ ဦးအောင်လင်း[၉/မရတ(နိုင်)၀၆၂၇၃၆]တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅) ရပ်ကွက်နေ အဖ စောသောသီ၏သမီး နိုင်ငံသားမှတ်ပုံတင်အမှတ် [၈/စတရ(နိုင်)၀၃၂၄၆၅]ကိုင်ဆောင်သူ အမက-၈၊ ဒဂုံ(မြောက်)လ/ထ မူလတန်းပြ နော်ဖူးဝေသီ(ခ)ဒေါ်ဖူးဝေသီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**နော်ဖူးဝေသီ(ခ)ဒေါ်ဖူးဝေသီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၃)၊ ဦးပိုင်အမှတ် (၃၇)၊ ၆၀-Bနှင့် ၆၁ လမ်း၊ ပျူစောနှင့် ကျန်စစ်သားလမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်နီလာ [၉/မရတ(နိုင်)၁၀၀၃၁၁] ၏ (GP ရသူ ဒေါ်တင်စန်း) က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၀၉၆/၂၀၂၃-၂၀၂၄)ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၇၀)၊ ဦးပိုင်အမှတ် (၃၈.က+၃၉.က+၄၀)၊ ၃၂လမ်းx ၈၀ လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျန်ဆီဟုန်(ခ)ဦးအောင်မြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၀၂၉/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဝူဆိုက်လင့် [၉/မရမ(နိုင်)၀၉၁၅၂၁] က အမှုတွဲအမှတ်-၀၅၇၁/ဘ(ပြောင်း) /၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ် (၁၁၀)၊ ၆၇x၆၈ လမ်းကြား၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိတောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဌေးအောင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၈၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းမေ [၉/စကတ(နိုင်)၀၂၀၆၁၅]၏ (GP ရသူ ဦးကျော်လာ)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၀၉၇/ ၂၀၂၃-၂၀၂၄)ဖြင့် တောမှမြို့ ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## တင်ဒါခေါ်ယူခြင်း

၁။ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ဆန္ဒပြုခန်း(စက္ကူကတ္တူ)
( ခ ) ဘောပင်
( ဂ ) စက္ကူစာအိတ် (၆.၂" x ၃.၅") 60 GSM (ကော်အပါအဝင်)၊
(ဃ) စက္ကူစာအိတ် (၉" x ၄.၅") 60 GSM (ကော်အပါအဝင်)
( င ) A4 Legal ၅၀၀ ရွက်ပါ 70 GSM စက္ကူထုပ်များ
( စ ) လုံခြုံရေးကြိုး
(ဆ) မင်ဘူး
၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်)၎င်းတို့၏တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်းအဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။
၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား ပစ္စည်းတစ်မျိုးအတွက် တစ်စုံလျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)ဖြင့် ၁၆-၁၀-၂၀၂၃ ရက်နေ့မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂ )တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ ဈေးပြိုင်အဆိုပြုလွှာများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)ရှိ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ ၁၃ - ၁၁ - ၂၀၂၃ ရက်နေ့ ညနေ (၁၆ : ၀၀) နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကြော်ငြာစာ

